မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၇ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက် ( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် ) } **သောကြာနေ့ [ အတွဲ ၇၃**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၃/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၅ ၏ ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများထဲမှ ပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များပါဝင်သော **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်** ကို ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

(က) ဦးလှမြင့် — ဥက္ကဋ္ဌ
မြန်မာကိုယ်စားလှယ်၊ အာဆီယံအစိုးရအချင်းချင်း
လူ့အခွင့်အရေးကော်မရှင်

(ခ) ဒေါက်တာနန္ဒာမွန်း — ဒုတိယဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန် (အငြိမ်းစား)
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဂ) ဦးပေါ်လွင်စိန် — အဖွဲ့ဝင်
သံအမတ်ကြီး (အငြိမ်းစား)

(ဃ) ဦးကျော်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(င) ဒေါက်တာသန်းမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ဆေးသိပ္ပံပညာဦးစီးဌာန

(စ) ဒေါ်နုနုယဉ် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန် (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဆ) ဒေါက်တာတင်မောင်မောင်သန်း — အဖွဲ့ဝင်
ဌာနစုမှူး (အငြိမ်းစား)
အမှတ် (၂) စက်မှုဝန်ကြီးဌာန

(ဇ) ဒေါက်တာမြင့်သူမြိုင် — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး
ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်

(ဈ) ဦးတင်အောင် — အဖွဲ့ဝင်
ဌာနကြီးမှူး (အငြိမ်းစား)
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ည) ဒေါ်တင်ကြည်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဋ) ဦးကျော်မြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်စွဲပါ အမိန့်အမှတ်၊ ၂၃/၂၀၁၄ နှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့်အမှတ်၊ ၂၀/၂၀၁၈ တို့ဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ယနေ့မှစ၍ ဖျက်သိမ်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၀)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးမြင့်ဇော်<br>အထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး)<br>မြန်မာ့သဘော်ာကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သဘော်ာကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးအောင်မြင့်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၀)

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးဆွေ ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ ဦးဌေးအောင် ကို ယင်းဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

## ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများအနက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ပြင်ဆင်၊ ဖြည့်စွက် ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲများအနက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခွဲတွင် ဥက္ကဋ္ဌအဖြစ် ဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကချင်ပြည်နယ် အစိုးရအဖွဲ့ **အစား** ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်၍လည်းကောင်း၊ ဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကချင်ပြည်နယ် အစိုးရအဖွဲ့ကို ပူးတွဲဥက္ကဋ္ဌအဖြစ် ဖြည့်စွက်၍လည်းကောင်း၊ အဖွဲ့ဝင်အဖြစ် အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန **အစား** ညွှန်ကြားရေးမှူး၊ ပြည်နယ်သစ်တော ဦးစီးဌာန ကချင်ပြည်နယ်ဖြင့်ပြင်ဆင်၍လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ညွှန်ကြားရေးမှူးချုပ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန **အစား** ညွှန်ကြားရေးမှူး၊ ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ကချင်ပြည်နယ်ဖြင့် ပြင်ဆင်၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ပြည်နယ်သတ္တုတွင်း ဦးစီးဌာန ကချင်ပြည်နယ်နှင့် အထွေထွေမန်နေဂျာ၊ လုံးခင်း၊ ဖားကန့်တူးဖော်ရေးဌာန ဖားကန့်မြို့တို့အား အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်၍လည်းကောင်း ပြင်ဆင်၊ ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆ အပိုဒ် ၂ ပါ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များအနက် အပိုဒ်ခွဲ (တ) ပါ လုပ်ငန်းအဖွဲ့အစဉ် (၁၀) အောက်တွင် အစဉ် (၁၁) အဖြစ် "လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေး အဖွဲ့" ကို ဖြည့်စွက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅။) ကို ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅။)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဦးစီးဌာန**ဆိုသည်မှာ ကာကွယ်ပေးမှု အစီအမံဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။

(ဃ) **စုံစမ်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် ကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့ကို ဆိုသည်။

(င) **သွင်းကုန်ပမာဏမြင့်တက်ခြင်း**ဆိုသည်မှာ ပြည်တွင်းသို့ တင်သွင်းလာသည့် ကုန်စည်တစ်မျိုးမျိုး၏ သွင်းကုန်ပမာဏသည် ယင်းကုန်စည်နှင့် အလားတူကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်၏ ပြည်တွင်းထုတ်လုပ်မှုနှင့် နှိုင်းယှဉ်ခြင်းဖြင့်ဖြစ်စေ၊ နှိုင်းယှဉ်ခြင်းမပြုဘဲ ပကတိအားဖြင့်ဖြစ်စေ မြင့်တက်လာသည့် ပမာဏကို ဆိုသည်။

(စ) **ကာကွယ်ပေးမှုအစီအမံ**ဆိုသည်မှာ ပြည်တွင်းသို့ တင်သွင်းလာသည့် ကုန်စည်ပမာဏမြင့်တက်မှုကြောင့် ယင်းကုန်စည်နှင့်အလားတူသော သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာပါက ကာကွယ်ကုစားပေးရန် ကျင့်သုံးမည့်အစီအမံကို ဆိုသည်။ ယင်းစကားရပ်တွင် ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊ ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း သို့မဟုတ် သွင်းကုန်ပမာဏကန့်သတ်ခြင်းတို့လည်း ပါဝင်သည်။

(ဆ) **ယာယီကာကွယ်ပေးမှု အကောက်ခွန်**ဆိုသည်မှာ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်စဉ်ကာလအတွင်း ပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှုကိုဖြစ်စေ၊ ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုကိုဖြစ်စေ ယာယီကာကွယ်ကုစားပေးရန် အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပါအဝင် ယာယီထပ်တိုးစည်းကြပ်သည့် အကောက်ခွန်ကို ဆိုသည်။

(ဇ) **ကာကွယ်ပေးမှု အကောက်ခွန်**ဆိုသည်မှာ စုံစမ်းစစ်ဆေးမှုအပြီးသတ်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်အရ ပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှုကိုဖြစ်စေ၊ ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုကိုဖြစ်စေ ကာကွယ်ကုစားပေးရန် အကောက်ခွန်ဥပဒေအရ ကောက်ခံသည့် အကောက်ခွန်အပါအဝင် အချိန်ကာလတစ်ခုအထိ ထပ်တိုးစည်းကြပ်သည့် အကောက်ခွန်ကို ဆိုသည်။

(ဈ) **သွင်းကုန်ပမာဏကန့်သတ်ခြင်း**ဆိုသည်မှာ စုံစမ်းစစ်ဆေးမှုအပြီးသတ်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်အရ ပြည်တွင်းကုန်စည်ထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်နစ်နာမှုကိုဖြစ်စေ၊ ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုကိုဖြစ်စေ ကာကွယ်ကုစားပေးရန် စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်၏ တင်သွင်းမှုပမာဏကို အချိန်ကာလတစ်ခုအထိ ကန့်သတ်ခြင်းကို ဆိုသည်။

(ည) **ပြည်တွင်းကုန်စည်ထုတ်လုပ်သူ**ဆိုသည်မှာ အောက်ပါထုတ်လုပ်သူကို ဆိုသည်-

(၁) ပြည်တွင်း အလားတူ ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်ထုတ်လုပ်သူ၊

(၂) ပြည်တွင်း အလားတူ ကုန်စည် သို့မဟုတ် တိုက်ရိုက်ယှဉ်ပြိုင်နိုင်သော ကုန်စည်အချိုးအစားများစွာ ပါဝင်သည့် ကုန်စည်ထုတ်လုပ်သူ။

(ဋ) **ပြင်းထန်သောထိခိုက်နစ်နာမှု**ဆိုသည်မှာ ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ လုပ်ငန်းဆိုင်ရာရပ်တည်မှုကို အဘက်ဘက်မှ သိသာထင်ရှားစွာ ထိခိုက်နစ်နာစေသော အခြေအနေကို ဆိုသည်။

(ဌ) **အလားတူကုန်စည်**ဆိုသည်မှာ စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်နှင့် သွင်ပြင်လက္ခဏာအားလုံး ထပ်တူကျနေသည့် သို့မဟုတ် နီးစပ်စွာတူညီသည့် ပြည်တွင်း၌ ထုတ်လုပ်သော ကုန်စည်ကို ဆိုသည်။

(ဎ) **တိုက်ရိုက်ယှဉ်ပြိုင်နိုင်သောကုန်စည်**ဆိုသည်မှာ ပြည်တွင်း၌ထုတ်လုပ်သော ကုန်စည်သည် စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်နှင့် ဓာတုဗေဒနည်းလမ်းများအရ ပေါင်းစပ်ဖွဲ့စည်းမှု၊ အခြားလက္ခဏာရပ်များဖြစ်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာ ကွဲပြားခြားနားမှုများ ရှိသော်လည်း အသုံးပြုသည့် ရည်ရွယ်ချက်အရသော်လည်းကောင်း၊ ဈေးကွက်အတွင်း စီးပွားဖြစ်ယှဉ်ပြိုင်မှုအရသော်လည်းကောင်း တစ်ခုနှင့်တစ်ခု အစားထိုး၍ တိုက်ရိုက်ယှဉ်ပြိုင်အသုံးပြုနိုင်သောကုန်စည်ကို ဆိုသည်။

(ဏ) **စုံစမ်းစစ်ဆေးခြင်းခံရသည့်ကုန်စည်**ဆိုသည်မှာ ဤဥပဒေအရ စုံစမ်းစစ်ဆေးခြင်းခံရသော ပြည်ပမှ တင်သွင်းလာသည့် ကုန်စည်ကို ဆိုသည်။

(ဏ) **အကျိုးဝင်ဆက်နွယ်သူများ**ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်ကို ပြည်ပမှ တင်ပို့သူ သို့မဟုတ် ထုတ်လုပ်သူ၊

(၂) စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူ၊

(၃) ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ် (၂) ပါ ပုဂ္ဂိုလ်အများစု ပါဝင်ဖွဲ့စည်းထားသော ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့၊

(၄) စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်ကို တင်ပို့သော နိုင်ငံ၏အစိုးရ၊

(၅) ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၊

(၆) ပြည်တွင်းကုန်စည်ထုတ်လုပ်သူများဖြင့် ဖွဲ့စည်းထားသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့။

(တ) **ဖွံ့ဖြိုးဆဲနိုင်ငံ**ဆိုသည်မှာ ကုလသမဂ္ဂက သတ်မှတ်ထားသော ဖွံ့ဖြိုးဆဲနိုင်ငံများစာရင်းတွင်ပါဝင်သည့် နိုင်ငံကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်စည်တစ်မျိုး၏ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူများကို ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာပါက စနစ်တကျ စုံစမ်းစစ်ဆေးနိုင်ရန်၊

(ခ) အချိန်ကာလတစ်ခုအတွင်း ပြည်တွင်းကုန်စည်ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို အထောက်အကူဖြစ်စေရန်၊

(ဂ) ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုသည် သွင်းကုန်ပမာဏ မြင့်တက်မှုနှင့် ကျိုးကြောင်းဆက်စပ်မှုရှိပါက ယင်းထိခိုက်နစ်နာမှုကို ကာကွယ်ကုစားနိုင်ရန် ယင်းသွင်းကုန်အပေါ် လိုလောက်သော ကာကွယ်ပေးမှု အစီအမံကျင့်သုံးနိုင်စေရန်။

## အခန်း (၃)
## သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုကော်မတီကို ၁၅ ဦးထက်မပိုသော အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ — အဖွဲ့ဝင်များ
ညွှန်ကြားရေးမှူးချုပ်ရာထူးအောက်မနိမ့်သော ပုဂ္ဂိုလ်များ

(၄) သင့်လျော်သော နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ စီးပွားရေး — အဖွဲ့ဝင်
ပညာရှင်တစ်ဦး

(၅) သင့်လျော်သော နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ — အဖွဲ့ဝင်
ဥပဒေပညာရှင်တစ်ဦး

(၆) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် — အဖွဲ့ဝင်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ

(၇) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကာကွယ်ပေးမှု အစီအမံကျင့်သုံးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက တင်ပြလာသည့် ကနဦး စိစစ်ချက်များအပေါ် စုံစမ်းစစ်ဆေးရန် သင့် မသင့်ဆုံးဖြတ်ခြင်း၊

(ခ) စုံစမ်းစစ်ဆေးခြင်းနှင့် အကြံပြုသုံးသပ်ချက်များဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ဦးစီးဌာနမှတစ်ဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့က တင်ပြလာသည့် စုံစမ်းစစ်ဆေးချက်များနှင့် အကြံပြုသုံးသပ်ချက်များကို စိစစ်၍ သင့်လျော်သည့် ကာကွယ်ပေးမှု အစီအမံဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ခြင်း၊

(ဃ) ကာကွယ်ပေးမှု အစီအမံဆိုင်ရာ ဆုံးဖြတ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(င) ကာကွယ်ပေးမှုအစီအမံများကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနကို အကြံပြုခြင်း၊

(ဆ) ဤဥပဒေကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ အကျိုးဝင်ဆက်နွှယ်သူများထံမှဖြစ်စေ လိုအပ်သောစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ တောင်းခံနိုင်ခြင်း၊

(ဇ) မိမိ၏ လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ဦးစီးဌာန သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့အား တာဝန်ပေးဆောင်ရွက်စေခြင်း၊

(ဈ) လိုအပ်ပါက လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

## အခန်း (၄)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၆။ ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကာကွယ်ပေးမှု အစီအမံကျင့်သုံးရန် လျှောက်ထားခြင်းအား သတ်မှတ်အထောက်အထားပြည့်စုံမှု ရှိ မရှိ စိစစ်၍ ကော်မတီသို့ တင်ပြခြင်း၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုသုံးသပ်ချက်များကို ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) စုံစမ်းစစ်ဆေးမှုရလဒ်များကို အမြန်ဆုံး စိစစ်ဆုံးဖြတ်နိုင်ရန် ကော်မတီအစည်းအဝေးကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ အကျိုးဝင်ဆက်နွှယ်သူများထံမှဖြစ်စေ တောင်းခံထားသော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို ထိန်းသိမ်းခြင်း၊

(စ) ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကနဦးစိစစ်ခြင်း

၇။ သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုခံရသော ပြည်တွင်းကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်သည် ကာကွယ်ကုစားနိုင်ရေးအတွက် စုံစမ်းစစ်ဆေးပေးရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။ ကော်မတီသည် ယင်းလျှောက်ထားချက်ကို ကနဦးစိစစ်ရန် ဦးစီးဌာနသို့ တာဝန်ပေးအပ်ရမည်။

၈။ ဦးစီးဌာနသည် လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ တရားဝင် ရုံးပိတ်ရက်မပါ ငါးရက်အတွင်း စုံစမ်းစစ်ဆေးရန် သတ်မှတ်အထောက်အထား ပြည့်စုံမှု ရှိ မရှိ ကနဦးစိစစ်၍ ကော်မတီသို့ တင်ပြရမည်။

၉။ ကော်မတီသည် ပုဒ်မ ၈ အရ တင်ပြချက်အပေါ် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သတ်မှတ်အထောက်အထား ပြည့်စုံမှုမရှိကြောင်း တွေ့ရှိပါက ပြန်လည်ပြင်ဆင်တင်ပြစေရန် ညွှန်ကြားခြင်း သို့မဟုတ်

(ခ) စုံစမ်းစစ်ဆေးခြင်းပြုရန် သို့မဟုတ် မပြုရန် ဆုံးဖြတ်ခြင်း။

၁၀။ စုံစမ်းစစ်ဆေးပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ပြင်ဆင်တင်ပြစေရန် ဦးစီးဌာနက ညွှန်ကြားလျှင် လျှောက်ထားသူသည် ပြည့်စုံစွာ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပြရမည်။

၁၁။ ကော်မတီက စုံစမ်းစစ်ဆေးခြင်းမပြုရန် ဆုံးဖြတ်ကြောင်း ညွှန်ကြားလျှင် ဦးစီးဌာနသည် လျှောက်ထားသူထံ ဆောလျင်စွာ စာဖြင့် အကြောင်းကြားရမည်။

## အခန်း (၆)
## စုံစမ်းစစ်ဆေးခြင်း

၁၂။ ကော်မတီသည် စုံစမ်းစစ်ဆေးခြင်းပြုရန် ဆုံးဖြတ်ပါက ဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သော အရာထမ်းများဖြင့်ဖြစ်စေ၊ ဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သောအရာထမ်းကဦးဆောင်၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများဖြင့်ဖြစ်စေ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများကို တာဝန်ပေးအပ်သည့်နေ့မှစ၍ စတင်ဆောင်ရွက်ရမည်။

(ခ) ယင်းသို့ စုံစမ်းစစ်ဆေးမှုစတင်မည်ဖြစ်ကြောင်းကို လျှောက်ထားသူအပါအဝင် အကျိုးဝင်ဆက်နွှယ်သူများထံ အကြောင်းကြားရမည်။

၁၄။　စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာတွင် လိုအပ်သောစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ အကျိုးဝင်ဆက်နွှယ်သူများထံမှဖြစ်စေ ကော်မတီ၏ခွင့်ပြုချက်ဖြင့် တောင်းခံနိုင်သည်။

၁၅။　စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ရာတွင် အကျိုးဝင်ဆက်နွှယ်သူများထံ မေးခွန်းများ မေးမြန်းခြင်း၊ ကြားနာခြင်း သို့မဟုတ် အခြားသင့်လျော်သောနည်းများဖြင့် ဆောင်ရွက်ခြင်းပြုနိုင်သည်။

၁၆။　စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြုနေစဉ် ပဏာမစိစစ်တင်ပြချက်ကိုလည်းကောင်း၊ စုံစမ်းစစ်ဆေးပြီးနောက် အပြီးသတ် စိစစ်တင်ပြချက်ကိုလည်းကောင်း ကော်မတီက သတ်မှတ်သည့်ကာလအတွင်း ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြရမည်။

၁၇။　စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်၊ ယင်းလျှို့ဝှက်ချက်နှင့်သက်ဆိုင်သည့် စာရင်းဇယား၊ အချက်အလက်နှင့် သက်သေအထောက်အထားများကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရမည်။

၁၈။　ကော်မတီ၊ ဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် လျှို့ဝှက်အဆင့် သတ်မှတ်ထားသော စာရင်းဇယား၊ အချက်အလက်နှင့် သက်သေအထောက်အထားများကို ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်သည့် ကိစ္စရပ်များမှတစ်ပါး သက်ဆိုင်သူ၏ ခွင့်ပြုချက်မရှိဘဲ အခြားကိစ္စရပ်များတွင် အသုံးမပြုရ။

၁၉။　သက်ဆိုင်သူက စာရင်းဇယား၊ အချက်အလက်နှင့် သက်သေအထောက်အထားများကို လျှို့ဝှက်အဆင့်ထားရှိပေးရန် တင်ပြလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အလုံးစုံခြုံငုံနားလည်စေနိုင်သည့် လျှို့ဝှက်မဟုတ်သော အနှစ်ချုပ်ကိုပါ တင်ပြရန်နှင့် ထိုသို့တင်ပြနိုင်ခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်ကို ဖော်ပြရန် သက်ဆိုင်သူထံ တောင်းခံရမည်။

၂၀။　စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြုရာတွင် အောက်ပါစာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားတစ်ရပ်ရပ်ကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ နေနိုင်သည်-

(က)　လျှို့ဝှက်အဆင့်ထားရှိပေးရန် ယုံကြည်ရန်အကြောင်းမရှိသော စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ၊

(ခ)　အများပြည်သူသို့ အသိပေးဖြန့်ဝေရန် သက်ဆိုင်သူက ခွင့်ပြုခြင်းမရှိသော လျှို့ဝှက်မဟုတ်သည့် အနှစ်ချုပ်ပုံစံဖြင့်တင်ပြလာသည့် စာရင်းဇယား၊ အချက်အလက်၊ သက်သေအထောက်အထားများ။

## အခန်း (၇)
## ပြင်းထန်သော ထိခိုက်နစ်နာမှုကို စိစစ်အကဲဖြတ်ခြင်းနှင့် ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း

၂၁။　စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းကို ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုရှိ မရှိ ဆုံးဖြတ်ရာတွင် အောက်ပါအချက်အလက်များအပါအဝင် ယင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းနှင့် စပ်လျဉ်းသည့် အခြားလိုအပ်သော အချက်အလက်များကိုပါ ထည့်သွင်းစိစစ်အကဲဖြတ်ရမည်-

(က)　မြင့်တက်လာသည့် သွင်းကုန်၏ပမာဏနှင့် နှုန်းထား၊

(ခ)　ပမာဏမြင့်တက်ဝင်ရောက်လာသည့် သွင်းကုန်၏ ပြည်တွင်းဈေးကွက်တွင် ရယူခဲ့သောဝေစု၊

(ဂ)　ရောင်းချမှုအခြေအနေ ပြောင်းလဲလာမှု၊

(ဃ)　ထုတ်လုပ်မှုအခြေအနေ ပြောင်းလဲလာမှု၊

(င)　ထုတ်လုပ်နိုင်စွမ်းအခြေအနေ ပြောင်းလဲလာမှု၊

(စ)　အမြတ်နှင့်အရှုံးအခြေအနေ ပြောင်းလဲလာမှု၊

(ဆ)　အလုပ်သမားခန့်ထားမှုအခြေအနေ ပြောင်းလဲလာမှု။

၂၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းများအပေါ် ပြင်းထန်သော ထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုနှင့် သွင်းကုန်ပမာဏမြင့်တက်ခြင်း တို့အကြား ဖြစ်ပေါ်သည့် အကျိုးအကြောင်းဆက်နွယ်မှုအား ဖော်ပြနိုင်မှသာလျှင် ယင်းကုန်စည်ကြောင့် ပြင်းထန်သော ထိခိုက်နစ်နာမှုဖြစ်စေသည် သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်သည်ဟု သုံးသပ်တင်ပြရမည်။

၂၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခြားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ပြည်တွင်းကုန်စည် ထုတ်လုပ်သူ၏ လုပ်ငန်းကို ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှု ဖြစ်ပေါ်စေသည်ဟု စိစစ်တွေ့ရှိပါက သွင်းကုန်ပမာဏမြင့်တက်ခြင်းကြောင့် ထိခိုက်နစ်နာသည်ဟု သုံးသပ် တင်ပြခြင်း မပြုရ။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပြည်တွင်းကုန်စည်ထုတ်လုပ်သူ၏ လုပ်ငန်းထိခိုက်နစ်နာမှုသည် ပြန်လည်ရပ်တည်နိုင်ရန် ခက်ခဲသော အရေးပေါ်အခြေအနေပေါ် ပေါက်ကြောင်း ပဏာမစိစစ်အကဲဖြတ်ချက် အရ စိစစ်တွေ့ရှိပါက စုံစမ်းစစ်ဆေးမှုဆောင်ရွက်နေသည့်ကာလအတွင်း တင်သွင်းလာသည့် ကုန်စည်အပေါ် ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းပြုနိုင်ရန် ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြရမည်။

၂၅။ ကော်မတီသည်-

(က) အပြီးသတ်ဆုံးဖြတ်ချက်မတိုင်မီ ပုဒ်မ ၂၄ အရ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း ပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းကို အများဆုံးရက်ပေါင်း ၂၀၀ အထိ ခွင့်ပြုနိုင်သည်။

## အခန်း (၈)
## ကာကွယ်ပေးမှု အစီအမံဆုံးဖြတ်ခြင်းနှင့် ကျင့်သုံးအကောင်အထည်ဖော်ခြင်း

၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ပြီးနောက် အပြီးသတ်စိစစ်တွေ့ရှိချက်ကို သုံးသပ်အကြံပြုချက်များနှင့်အတူ ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ တင်ပြရမည်။

၂၇။ ကော်မတီသည် သွင်းကုန်ပမာဏမြင့်တက်ခြင်း၊ ပြင်းထန်သောထိခိုက်နစ်နာခြင်း သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်ခြင်းမရှိကြောင်း အပြီးသတ်စိစစ်ချက်အရ တွေ့ရှိပါက ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းကို ရပ်စဲရန်ဆုံးဖြတ်ရမည်။

၂၈။ ကော်မတီသည် သွင်းကုန်ပမာဏမြင့်တက်ခြင်းနှင့် ယင်းကြောင့် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်နစ်နာစေရန် ခြိမ်းခြောက်မှုဖြစ်ပွားကြောင်း အပြီးသတ်စိစစ်ချက်အရ တွေ့ရှိပါက စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်အပေါ် အောက်ပါကာကွယ်ပေးမှု အစီအမံတစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ ဖြစ်စေ စည်းကြပ်ကျင့်သုံးရန် ဆုံးဖြတ်နိုင်သည်-

(က) ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်း၊

(ခ) သွင်းကုန်ပမာဏ ကန့်သတ်ခြင်း။

၂၉။ ကော်မတီသည် ပုဒ်မ ၂၈ အရ ကာကွယ်ပေးမှု အစီအမံကိုဆုံးဖြတ်ရာတွင် ပြည်တွင်းကုန်စည် ထုတ်လုပ်သူများ၏ လုပ်ငန်းပြန်လည်တိုးတက်ရေး ပြင်ဆင်ဆောင်ရွက်နိုင်စေရန်နှင့် ယင်းတို့၏ ထိခိုက်နစ်နာ မှုများကို ကာကွယ်ကုစားပေးရန် လိုအပ်သည့် အတိုင်းအတာအထိသာ သတ်မှတ်ရမည်။

၃၀။ ကော်မတီသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) အရ သွင်းကုန်ပမာဏ ကန့်သတ်ရာတွင် စုံစမ်းစစ်ဆေးခြင်း ခံရသည့် ကုန်စည်နှင့်စပ်လျဉ်း၍ လွန်ခဲ့သည့် သုံးနှစ်အတွင်း တင်သွင်းခဲ့သောစာရင်းကို အခြေခံ၍ ယင်းကုန်စည်၏ ပျမ်းမျှသွင်းကုန်ပမာဏအောက် လျော့နည်းသောပမာဏကို သတ်မှတ်ခြင်းမပြုရ။ သို့ရာတွင် ပြင်းထန်သောထိခိုက်နစ်နာမှု သို့မဟုတ် ယင်းသို့ ထိခိုက်စေရန် ခြိမ်းခြောက်မှုကို ကာကွယ်ကုစားပေးရန် လုံလောက်သော ကျိုးကြောင်းဖော်ပြချက်တွေ့ရှိပါက ပျမ်းမျှသွင်းကုန်ပမာဏအောက်လျော့နည်းသော ပမာဏကို သတ်မှတ်နိုင်သည်။

၃၁။ ကော်မတီသည်-

(က) စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်ကိုတင်ပို့သော ပြည်ပနိုင်ငံတစ်နိုင်ငံထက်ပိုပါက ယင်းနိုင်ငံ အသီးသီးအတွက် သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခွဲဝေသတ်မှတ်ရာတွင် ယင်းကုန်စည်ကို ပြည်တွင်းသို့ တင်ပို့ရောင်းချခြင်းဖြင့် အကျိုးစီးပွား အမြောက်အမြားရရှိသည့် ယင်းနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းသဘောတူညီချက်ရယူရမည်။

၃၂။ ပုဒ်မ ၃၁ အရ သွင်းကုန်ပမာဏကို ခွဲဝေသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ သဘောတူညီမှုမရရှိပါက ကော်မတီသည် ယင်းနိုင်ငံများက လွန်ခဲ့သောသုံးနှစ်အတွင်း ပြည်တွင်းသို့ ယင်းကုန်စည်ကို တင်သွင်းခဲ့သည့် စုစုပေါင်းပမာဏ သို့မဟုတ် တန်ဖိုး၏ အချိုးအပေါ် မူတည်၍ ပမာဏကို ကန့်သတ်ခွဲဝေသတ်မှတ်ရမည်။

၃၃။ စုံစမ်းစစ်ဆေးခြင်းခံရသည့် ကုန်စည်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်တွင်းသို့ တင်သွင်းလာသည့် ကုန်စည်ဖြစ်ပြီး အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိပါက ကော်မတီသည် ယင်းနိုင်ငံများအပေါ် ကာကွယ်ပေးမှု အစီအမံကို ကျင့်သုံးခြင်းမပြုရ-

(က) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ တင်သွင်းလာသည့် ပမာဏသည် ပြည်တွင်းသို့ တင်သွင်းမှု စုစုပေါင်း ပမာဏ၏ သုံးရာခိုင်နှုန်းထက် မကျော်လွန်သည့် ဝေစုဖြစ်ခြင်း၊

(ခ) ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံချင်းစီ၏ သွင်းကုန်ဝေစုပမာဏသည် သုံးရာခိုင်နှုန်းအောက် လျော့နည်း၍ တင်သွင်းလာပြီး ယင်းဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ စုပေါင်းတင်သွင်းမှုသည် ပြည်တွင်းသို့ တင်သွင်းမှု စုစုပေါင်းသွင်းကုန်ပမာဏ၏ ကိုးရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမရှိသည့် ဝေစုဖြစ်ခြင်း။

၃၄။ ဤဥပဒေအရ ကောက်ခံထားသည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်နှင့်စပ်လျဉ်း၍ ကော်မတီက အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်လျှင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရမည်-

(က) အပြီးသတ်စစ်ဆေးဆုံးဖြတ်ပြီးနောက် စည်းကြပ်သည့် ကာကွယ်ပေးမှု အကောက်ခွန်သည် စည်းကြပ်ကောက်ခံထားပြီးဖြစ်သည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်အောက် လျော့နည်းပါက ကွာခြားမှုပမာဏကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း၊

(ခ) ပုဒ်မ ၂၇ အရ ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းကို ရပ်စဲသည့် အခြေအနေတွင် ကောက်ခံထားသော ယာယီကာကွယ်ပေးမှု အကောက်ခွန်ကို ပြန်အမ်းရန် ဆုံးဖြတ်ခြင်း။

## အခန်း (၉)

## အသိပေးအကြောင်းကြားခြင်းနှင့် သတင်းအချက်အလက်တောင်းခံခြင်း

၃၅။ ကော်မတီ၏ အောက်ပါဆုံးဖြတ်ချက်များကို ဦးစီးဌာနသည် သက်ဆိုင်သည့်အချက်အလက်များ ဖော်ပြ၍ လျှောက်ထားသူနှင့် အကျိုးဝင်ဆက်နွှယ်သူများထံ သတ်မှတ်သည့်ကာလအတွင်း အကြောင်းကြား ရမည့်အပြင် အများပြည်သူသိရှိရန် ထုတ်ပြန်ရမည်-

(က) စုံစမ်းစစ်ဆေးခြင်းပြုရန် သို့မဟုတ် မပြုရန် ဆုံးဖြတ်ခြင်းနှင့် အကယ်၍ စုံစမ်းစစ်ဆေးခြင်းပြုရန် ဆုံးဖြတ်ပါက စတင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း၊

(ခ) စုံစမ်းစစ်ဆေးမှုကို ရပ်စဲခြင်း၊ ရပ်ဆိုင်းခြင်းဆိုင်ရာ ဆုံးဖြတ်ခြင်း၊

(ဂ) ပဏာမစိစစ်ဆုံးဖြတ်ခြင်း၊

(ဃ) ယာယီကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ရန် ဆုံးဖြတ်ခြင်း၊

(င) ကာကွယ်ပေးမှု အစီအမံတစ်ခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းတို့နှင့် စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ခြင်း၊

(စ) ပြန်လည်သုံးသပ်မှု ရလဒ်များအပေါ် ဆုံးဖြတ်ခြင်း။

၃၆။ ကော်မတီသည် စုံစမ်းစစ်ဆေးမှုစတင်ရန် ဆုံးဖြတ်ခြင်း၊ ကာကွယ်ပေးမှု အစီအမံတစ်ခုခုကို ကျင့်သုံးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းတို့နှင့်စပ်လျဉ်းသည့် အပြီးသတ်ဆုံးဖြတ်ချက်ကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဝန်ကြီးဌာနမှတစ်ဆင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အကြောင်းကြား ပေးပို့ရမည်။

၃၇။ ကော်မတီသည် လိုအပ်ပါက ပြည်ပမှ တင်ပို့သူ၊ ထုတ်လုပ်သူ၊ အသင်းအဖွဲ့နှင့် သက်ဆိုင်ရာနိုင်ငံ၏ အစိုးရထံမှ စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သည့် အချက်အလက်၊ သက်သေအထောက်အထားများကို သက်ဆိုင်ရာနိုင်ငံ၏ သံရုံးမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံအချင်းချင်းအကြား သဘောတူညီထားသည့် အခြားသော နည်းလမ်းတစ်ခုခုအရဖြစ်စေ ဝန်ကြီးဌာနမှတစ်ဆင့် တောင်းခံနိုင်သည်။

၃၈။ ပြည်ပမှ တင်ပို့သူ၊ ထုတ်လုပ်သူနှင့် အကျိုးဝင်ဆက်နွယ်သူများသည် ပုဒ်မ ၃၇ အရ တောင်းခံလာသော အကြောင်းကြားစာရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သို့မဟုတ် ကော်မတီ၏ ခွင့်ပြုထားသော သက်တမ်းတိုးကာလအတွင်း ကော်မတီသို့ ပံ့ပိုးပေးရမည်။

၃၉။ အကျိုးဝင်ဆက်နွယ်သူများသည် စုံစမ်းစစ်ဆေးရေးအဖွဲ့က အနှစ်ချုပ်ပုံစံဖြင့် တင်ပြရန် တောင်းခံသော လျှို့ဝှက်စာရင်းဇယား၊ အချက်အလက်နှင့် သက်သေအထောက်အထားများကို တင်ပြရမည်။ ထိုသို့ တင်ပြနိုင်ခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်ကို တင်ပြရမည်။

## အခန်း (၁၀)
## ကာကွယ်ပေးမှု အစီအမံကျင့်သုံးသည့်ကာလ၊ ဖြေလျှော့ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

၄၀။ ပုဒ်မ ၂၈ အရ ကာကွယ်ပေးမှု အစီအမံကျင့်သုံးသည့်ကာလသည် ပြည်တွင်းကုန်စည်ထုတ်လုပ်သော လုပ်ငန်း၏ ထိခိုက်နစ်နာမှုကို ကာကွယ်ကုစားပေးရန်နှင့် လုပ်ငန်းအခြေအနေ ပြန်လည်တိုးတက်ရန် လိုအပ်သော အချိန်ကာလအထိသာ ဖြစ်ရမည်။

၄၁။ ကာကွယ်ပေးမှု အစီအမံကျင့်သုံးရာတွင်-

(က) ကုန်စည်တစ်မျိုးအပေါ်တွင် စတင်ကျင့်သုံးမှုကာလသည် အများဆုံး လေးနှစ်အထိသာ ကျင့်သုံးနိုင်သည်။

(ခ) ယင်းကုန်စည်အပေါ်တွင် ပုဒ်မခွဲ (က) ပါ အစီအမံကာလနှင့် သက်တမ်းတိုးကာလအပါအဝင် အများဆုံး ၁၀ နှစ်အထိသာ ကျင့်သုံးနိုင်သည်။

(ဂ) အစီအမံကျင့်သုံးထားပြီးသည့် ကုန်စည်အပေါ်တွင် နောက်တစ်ကြိမ်ကျင့်သုံးမည်ဆိုပါက မူလသက်တမ်းကုန်ဆုံးပြီးနောက် အနည်းဆုံး နှစ်နှစ် ရပ်နားပြီးမှသာလျှင် ထပ်မံကျင့်သုံးရမည်။

၄၂။ ပြည်တွင်းကုန်စည်ထုတ်လုပ်သူသည်-

(က) ပုဒ်မ ၂၈ အရ ကျင့်သုံးသည့် ကာကွယ်ပေးမှု အစီအမံကို သက်တမ်းတိုးပေးရန် လျှောက်ထားလိုပါက မူလသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ခြောက်လကြိုတင်၍ ကော်မတီသို့ လျှောက်ထားရမည်။ လျှောက်လွှာမိတ္တူကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် မိမိ၏လုပ်ငန်း ပြန်လည်တိုးတက်ရန် ဆောင်ရွက်နေသော သက်သေအထောက်အထားများကို သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

၄၃။ သက်တမ်းတိုးရန် သင့် မသင့် ကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဥပဒေနှင့်အညီ စိစစ်သုံးသပ်၍ ကော်မတီသို့ တင်ပြရမည်။

၄၄။ ကော်မတီသည် ပုဒ်မ ၄၂ အရ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ကာကွယ်ပေးမှု အစီအမံကျင့်သုံးသည့် ကာလကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။ ယင်းသက်တမ်းတိုးကာလအတွင်း ကျင့်သုံးသည့် အစီအမံသည် လက်ရှိကျင့်သုံးနေသည့် အစီအမံထက် ကျော်လွန်ခြင်း မပြုရ။

၄၅။ အောက်ပါအခြေအနေများပေါ်ပေါက်လာပါက ကော်မတီသည် သွင်းကုန်အပေါ် ကာကွယ်ပေးမှု အစီအမံကို အများဆုံး ရက်ပေါင်း ၁၈၀ သို့မဟုတ် ယင်းအောက်လျော့နည်းသည့် ကာလသတ်မှတ်၍ ထပ်မံကျင့်သုံးနိုင်သည်-

(က) စုံစမ်းစစ်ဆေးခံရသည့် ကုန်စည်အပေါ် ကာကွယ်ပေးမှုအစီအမံ စတင်ကျင့်သုံးသည့်နေ့မှ အနည်းဆုံး တစ်နှစ်အထိ ကျင့်သုံးပြီးနောက် ရပ်ဆိုင်းသွားသည့် အခြေအနေ၊

(ခ) အစီအမံစတင်ကျင့်သုံးသည့်နေ့မှ ငါးနှစ်အတွင်း တူညီသည့် ကုန်စည်အပေါ်တွင် နှစ်ကြိမ်ထက် ပို၍ ကျင့်သုံးမှုမရှိသည့် အခြေအနေ။

၄၆။ ကော်မတီသည် ပုဒ်မ ၂၉ အရ ကျင့်သုံးသော ကာကွယ်ပေးမှုအစီအမံကာလသည် တစ်နှစ်ထက် ကျော်လွန်သည့်ကိစ္စရပ်တွင် ယင်းအစီအမံကျင့်သုံးမှုကို အဆင့်ဆင့်ဖြေလျှော့ သတ်မှတ်နိုင်သည်။

၄၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကာကွယ်ပေးမှုအစီအမံနှင့်စပ်လျဉ်း၍ ဆက်လက်ကျင့်သုံးနိုင်ရန် အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း၊ သုံးနှစ်ထက်ကျော်လွန်ကျင့်သုံးသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ယင်း သက်တမ်းတစ်ဝက်ထက် နောက်မကျစေဘဲ ပြန်လည်သုံးသပ်၍ ဆက်လက်ကျင့်သုံးခြင်း၊ ဖြေလျှော့ခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၄၈။ ကော်မတီက ကာကွယ်ပေးမှုအစီအမံ ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း သို့မဟုတ် ဖြေလျှော့မည် ဖြစ်ကြောင်း သို့မဟုတ် ကျင့်သုံးရန် ဆက်လက်လိုအပ်ခြင်းမရှိတော့ကြောင်း ဆုံးဖြတ်ပါက ဝန်ကြီးဌာနသည် ယင်းဆုံးဖြတ်ချက်အား အမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက်ဖြင့် ဆောလျင်စွာထုတ်ပြန်ရမည်ဖြစ်ပြီး အကောက်ခွန်ဦးစီးဌာနအပါအဝင် အစိုးရအဖွဲ့အစည်းများ၊ အကျိုးဝင်ဆက်နွှယ်သူများကို အကြောင်းကြား အသိပေးရမည်။

၄၉။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ပေးအပ်ထားသည့် အခွင့်အရေးမှအပ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံကို ကျင့်သုံးရာတွင် နိုင်ငံများအချင်းချင်းအကြားတွင် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ယင်းကုန်စည်များတင်ပို့သည့် မည်သည့်ပင်ရင်းနိုင်ငံ၏ သွင်းကုန်ကိုမဆို အကျိုးသက်ရောက်မှု ရှိစေရမည်။

## အခန်း (၁၁)

## အထွေထွေ

၅၀။ ဤဥပဒေအရ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးနေသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ အများပြည်သူအကျိုးရှိ မရှိကို သက်ဆိုင်သည့် သက်သေအထောက်အထားများနှင့်တကွ ကော်မတီက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း တင်ပြခွင့်ရှိသည်။

၅၁။ ကော်မတီသည် အကျိုးဝင်ဆက်နွှယ်သူများက ပေးပို့တင်ပြသည့် မှန်ကန်မှုမရှိသော၊ မှားယွင်းစွာ ဖော်ပြထားသော စာရင်းဇယား၊ အချက်အလက်၊ အထောက်အထားများကို ငြင်းပယ်ရမည်ဖြစ်ပြီး ယင်းကဲ့သို့ တင်ပြခြင်းအတွက် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

၅၂။ ကာကွယ်ပေးမှုအစီအမံများ ကျင့်သုံးရာတွင် သွင်းကုန်အပေါ် ကောက်ခံသည့် ယာယီကာကွယ်ပေးမှု အကောက်ခွန်နှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည်လည်းကောင်း၊ သွင်းကုန်ပမာဏ ကန့်သတ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည်လည်းကောင်း ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ စုံစမ်းစစ်ဆေးမှုတွင် ပါဝင်သော အကျိုးဝင်ဆက်နွှယ်သူသည် ယာယီကာကွယ်ပေးမှု အကောက်ခွန် နှင့် ကာကွယ်ပေးမှု အကောက်ခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံမှုကို ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ပေးနိုင်ရန် အခွန်အယူခံခုံအဖွဲ့သို့ တင်ပြလျှောက်ထားခွင့်ရှိသည်။

၅၄။ ကော်မတီသည် အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနသို့ ညွှန်ကြားရမည်။

၅၅။ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) တို့ပါ အကောက်ခွန်စည်းကြပ်ခြင်းတို့နှင့် ပုဒ်မ ၃၄ ပါ အခွန်ငွေပြန်အမ်းခြင်းတို့အား သက်ဆိုင်ရာ အခွန်ဥပဒေနှင့် အကောက်ခွန်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၅၆။ ဝန်ကြီးဌာနသည် ဤဥပဒေအကောင်အထည်ဖော်မည့်သူများက ဥပဒေဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးနိုင်စေရန် စီမံဆောင်ရွက်ပေးရမည်။

၅၇။ ဝန်ကြီးဌာနသည် စုံစမ်းစစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် အမိန့်၊ ညွှန်ကြားချက်ထုတ်ပြန်၍ ကုန်ကျစရိတ် သို့မဟုတ် အခကြေးငွေတို့ကို လျှောက်ထားသူထံမှ သတ်မှတ် ကောက်ခံနိုင်သည်။

၅၈။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန် ဦးစီးဌာနကို တာဝန်ပေးအပ်ရမည်။

၅၉။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ အသုံးစရိတ်မှ ကျခံရမည်။

၆၀။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မတီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၆၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဥ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆။)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဥ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့က ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းက မဆို သို့မဟုတ် ယင်းမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးခဲ့သည့် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် တောင်းဆိုလိုပါက အောက်ပါအကြောင်းပြချက်တစ်ရပ်ရပ်ကို အခြေခံရမည်-

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသော မဲအများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများမပါရှိခဲ့သော် လျှောက်ထားသူသည်သာ ခိုင်လုံသောမဲ အများဆုံးကို ရရှိနိုင်သည်ဟူသော အကြောင်းပြချက်။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ရမည်။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဥ္စမနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း မပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇။)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့က ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် ယင်းမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးခဲ့သည့် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် တောင်းဆိုလိုပါက အောက်ပါအကြောင်းပြချက် တစ်ရပ်ရပ်ကို အခြေခံရမည်-

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသော မဲအများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများမပါရှိခဲ့သော် လျှောက်ထားသူသည်သာ ခိုင်လုံသော မဲအများဆုံးကို ရရှိနိုင်သည်ဟူသော အကြောင်းပြချက်။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဉ္စမနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း မပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈။)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့က ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် ယင်းမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးခဲ့သည့် မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် တောင်းဆိုလိုပါက အောက်ပါအကြောင်းပြချက်တစ်ရပ်ရပ်ကို အခြေခံရမည်-

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသော မဲအများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိခဲ့သော် လျှောက်ထားသူသည်သာ ခိုင်လုံသောမဲအများဆုံးကို ရရှိနိုင်သည်ဟူသော အကြောင်းပြချက်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဉ္စမနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ
# (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉။)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကျေးလက်ဒေသ**ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်နိမိတ်၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်နှင့် တပ်မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ထားသော နယ်မြေတွင် ပါဝင်ခြင်းမရှိသော ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နယ်မြေအားလုံးကို ဆိုသည်။

(ဃ) **အခြေခံအဆောက်အအုံ**ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော အခြေခံပစ္စည်းကိရိယာများနှင့် အဆောက်အအုံများကို ဆိုသည်။

(င) **ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်း**ဆိုသည်မှာ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၏ မူဝါဒနှင့်အညီ လျှပ်စစ်ဓာတ်အားစနစ် ပြင်ပရှိ ကျေးလက်ဒေသတွင် ဦးစီးဌာနအစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်သော လုပ်ငန်းကို ဆိုသည်။

(စ) **ကျေးလက်ဒေသအိမ်ရာ**ဆိုသည်မှာ ကျေးလက်ဒေသတွင် ဦးစီးဌာန၏ အစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သောအိမ်ရာကို ဆိုသည်။

(ဆ) **ကုန်ထုတ်လမ်းနှင့် တံတား**ဆိုသည်မှာ ဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော ကျေးလက်ဒေသနေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို သယ်ပို့ပေးနိုင်မည့် အထောက်အကူပြုလမ်းများနှင့် ယင်းလမ်းပေါ်ရှိတံတားများကို ဆိုသည်။

(ဇ) **ကျေးရွာတွင်း လမ်းနှင့် တံတား**ဆိုသည်မှာ ကျေးရွာနယ်နိမိတ်အတွင်းရှိ လမ်းနှင့် ယင်းလမ်းပေါ်ရှိ တံတားများ၊ ကျေးရွာအတွင်းရှိ ဆိပ်ခံတံတားများနှင့် လမ်းအဖြစ်အသုံးပြုရန် တည်ဆောက်ထားသော တံတားများကို ဆိုသည်။

(ဈ) **အရင်းမပျောက် မတည်ရန်ပုံငွေ**ဆိုသည်မှာ ကျေးလက်ဒေသနေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အများပိုင်ရန်ပုံငွေတစ်ရပ် မတည်ထူထောင်ပြီး အရင်းမပျောက်လည်ပတ်ဆောင်ရွက်သော ရန်ပုံငွေကို ဆိုသည်။

(ည) **ဗဟိုကြီးကြပ်မှုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဦးစီးဌာန**ဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဆိုသည်။

(ဍ) **ကြီးကြပ်မှုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(ခ) မြို့ပြနှင့် ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်းကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊

(ဂ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီး များကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊

(ဃ) ကျေးလက်ဒေသနေ ပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ် ဆောင်ရွက်နိုင်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ရန်၊

(င) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်၊

(စ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်၊

(ဆ) ကျေးလက်ဒေသနေ ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်တွင်းလေထုညစ်ညမ်းမှု ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း (၃)
## ဗဟိုကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်-

(က) ဗဟိုကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ<br>ညွှန်ကြားရေးမှူးချုပ်အဆင့်အောက်မနိမ့်သည့် ပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၄) | သုံးဦးထက်မပိုသော ပြင်ပ ကျွမ်းကျင်ပညာရှင်များ | အဖွဲ့ဝင်များ |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဗဟိုကြီးကြပ်မှုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ကြီးကြပ်မှုကော်မတီများက အတည်ပြုပေးပို့လာသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိစစ်ပြီး နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ရေးဆွဲ၍ အစိုးရအဖွဲ့သို့တင်ပြခြင်း၊

(ဂ) အစိုးရအဖွဲ့က အတည်ပြုချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊ ကြီးကြပ်မှုကော်မတီ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းနှင့် ဦးစီးဌာနအား တာဝန်ပေးအပ်ဆောင်ရွက်စေခြင်း၊

(ဃ) ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်ပနိုင်ငံ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီရယူနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ကျေးလက်ဒေသနေ ပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရန် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊

(စ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည့် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် လိုအပ်သလို ဆက်သွယ်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)
## ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကြီးကြပ်မှုကော်မတီသည်-

(က) သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဝင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးအဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၃) | နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အဆိုပြုသော သုံးဦးထက် မပိုသည့် ပြင်ပ ကျွမ်းကျင်ပညာရှင်များ | အဖွဲ့ဝင်များ |
| (၄) | ညွှန်ကြားရေးမှူး ဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသည့် ကြီးကြပ်မှုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ကြီးကြပ်မှုကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဗဟိုကြီးကြပ်မှုကော်မတီ၏ မူဝါဒများနှင့်အညီ လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲအတည်ပြု၍ ဗဟိုကြီးကြပ်မှုကော်မတီသို့ ပေးပို့ခြင်း၊

(ဂ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများအတွက် နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ လိုအပ်မည့်ရန်ပုံငွေ တင်ပြခြင်း၊

(ဃ) အစိုးရအဖွဲ့က အတည်ပြုချမှတ်ထားသည့် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဗဟိုကြီးကြပ်မှုကော်မတီ၏ မူဝါဒများနှင့်အညီ ကြီးကြပ်ခြင်း၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များအား ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအလိုက် နှစ်စဉ်၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် လုပ်ငန်းစဉ်များအား လေ့လာစောင့်ကြည့်ခြင်း၊ အကောင်အထည်ဖော်မှုအား ကြီးကြပ်ခြင်း၊ ရလဒ်များအား ဆန်းစစ်သုံးသပ်ခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာကြီးကြပ်မှုကော်မတီတို့က တာဝန်ပေးအပ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကျေးလက်ဒေသနေ ပြည်သူများက တင်ပြလာသည့်လိုအပ်ချက်များကို အခြေခံပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများကို ဒေသအသီးသီးရှိ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲ၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊ အတည်ပြုချက်ရရှိပြီးက အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ဗဟိုကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာကြီးကြပ်မှုကော်မတီတို့က အတည်ပြု ချမှတ်ပေးသည့် လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်သည့် ရန်ပုံငွေ တွက်ချက်တင်ပြခြင်း၊

(ဃ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ နိုင်ငံတကာအကူအညီ အထောက်အပံ့များဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီနှင့် ဒေသခံပြည်သူလူထု ထည့်ဝင်ငွေများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း-

(၁) ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊

(၂) ကျေးလက်ဒေသနေ ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်တွင်း လေထုညစ်ညမ်းမှု ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊

(၄) ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ရေး၊

(၅) ကျေးလက်ဒေသနေ ပြည်သူများအလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးရေး၊

(၆) တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဈေးကွက်ရရှိနိုင်ရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊

(၇) ကျေးလက်ဒေသနေ ပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်သင်တန်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းနှင့် စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊

(၈) ကျေးလက်ဒေသနေ ပြည်သူများ ကိုယ်တိုင်ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အသေးစားအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်ပေးရေး။

(င) ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်သော ကျေးလက်ဒေသ ကုန်ထုတ်လမ်းနှင့် တံတား၊ လူထုအခြေပြု စီမံကိန်းများအရ ပြည်သူလူထု ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိသည့် ကျေးရွာတွင်းလမ်းနှင့် တံတားတည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းနှင့် နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်သော ဘက်စုံစီမံကိန်းများတွင်ပါဝင်သည့် ကျေးရွာချင်းဆက်လမ်းနှင့် တံတား တည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်းအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကျေးလက်ဒေသများတွင် ဘေးအန္တရာယ် ကျရောက်လာပါက-

(၁) ကာကွယ်တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများဖြစ်ပေါ်လာစေရေး ကူညီဆောင်ရွက်ခြင်း၊

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဇ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် အစီရင်ခံစာပြုစု၍ ဗဟိုကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာ ကြီးကြပ်မှု ကော်မတီသို့ တင်ပြခြင်း၊

(ဈ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာအဆင့်ကော်မတီများမှ ကျေးရွာကိုယ်စားလှယ်များနှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ ညှိနှိုင်းကောက်ယူခြင်း၊

(ည) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော သုတေသနလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ခြင်း၊

(ဋ) ဗဟိုကြီးကြပ်မှုကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနှင့် နည်းပညာ အကူအညီများကို ဥပဒေနှင့်အညီ ရယူပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ မြို့နယ်နှင့် ကျေးရွာအလိုက် လိုအပ်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်း အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဍ) သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များက ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်

ဖြစ်စေ လုပ်ငန်းဆောင်ရွက်ရာတွင် အကောင်အထည်ဖော်နိုင်ခြင်းမရှိလျှင် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ယင်း ရန်ပုံငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် ပြန်လည်သိမ်းယူခြင်း၊

(ပ) ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဏ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များ အရည်အသွေးမြင့်မား တိုးတက်လာစေရေးအတွက် ပြည်တွင်း ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ နည်းပညာပြပွဲများနှင့် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(တ) နိုင်ငံတကာအဖွဲ့အစည်းများက ပြည်တွင်း၌ ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်ပေးခြင်း၊

(ထ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဒ) ကျေးရွာရေပေးရေး ပုဂ္ဂလိကလုပ်ငန်းများကို စိစစ်ခွင့်ပြုခြင်း၊

(ဓ) ဗဟိုကြီးကြပ်မှုကော်မတီ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာကြီးကြပ်မှုကော်မတီတို့က ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဦးစီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗဟိုကြီးကြပ်မှုကော်မတီ သို့မဟုတ် သက်ဆိုင်ရာကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်အရ အောက်ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ရမည်-

(က) ပုဂ္ဂလိက ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ တင်ဒါခေါ်ယူပြီး လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

(ခ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ သို့မဟုတ် လူထုအခြေပြု အဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်၍ ဆောင်ရွက်စေခြင်း၊

(ဂ) နည်းပညာလိုအပ်ချက်အရ တိုက်ရိုက်ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာကျေးရွာတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပေးပြီး ဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

(င) နည်းပညာအကူအညီ လိုအပ်သည့်လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

(စ) အခြားသင့်လျော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## အခန်း (၆)

## ကျေးလက်ဒေသနေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၁၀။ ကျေးလက်ဒေသနေ ပြည်သူများ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသော အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အမှိုက်စနစ်တကျစွန့်ပစ်ရေးဆောင်ရွက်ရန်၊

(ခ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ချေးငွေတစ်ရပ်ရပ်ကို ရယူပါက ယင်းချေးငွေဖြင့် သတ်မှတ်သည့်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချက်နှင့်အညီ ရန်ပုံငွေကောက်ခံသုံးစွဲခွင့်နှင့် ပြင်ဆင်ထိန်းသိမ်းရန်၊

(ဃ) ပုဒ်မခွဲ (ခ) အရ ချေးယူငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်-

(၁) သတ်မှတ်ကာလအတွင်း ပြေကျေအောင် ပြန်လည်ပေးဆပ်ခြင်း၊

(၂) သတ်မှတ်ကာလကျော်လွန်မှ ပေးဆပ်ပါက သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်ခြင်း။

(င) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(စ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စည်းရုံးပညာပေးခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

(ဆ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာလူထုအကြား စည်းလုံးမှုကို ပျက်ပြားစေမည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာကော်မတီများ၏ လမ်းညွှန်ချက်ဖြင့် ဖြေရှင်းဆောင်ရွက်ရန်။

၁၁။ ကျေးလက်ဒေသနေ ပြည်သူတို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲရာတွင် အကြံပြုဆွေးနွေးခွင့်၊

(ခ) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ တင်ပြပိုင်ခွင့်၊

(ဂ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ ကြည့်ရှုလေ့လာခွင့်၊ သတင်းအချက်အလက်များတောင်းခံရယူခွင့်နှင့် လွတ်လပ်စွာဝေဖန်အကြံပြုဆွေးနွေးတင်ပြခွင့်၊

(ဃ) ဦးစီးဌာနနှင့် သက်ဆိုင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစီးဌာနသို့ တင်ပြ၍ မိမိကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခွင့်၊

(င) ဤဥပဒေပါ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အရင်းမပျောက် မတည်ရန်ပုံငွေမှ ချေးငွေရယူသုံးစွဲခွင့်၊

(စ) ပုဒ်မခွဲ (င) ပါ လုပ်ငန်းမှရရှိသည့် အတိုးငွေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲခွင့်၊

(ဆ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေသုံးစွဲမှုကို မေးမြန်းခွင့်၊

(ဇ) ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်း ပြည်ပ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်လေ့လာခွင့်၊

(ဈ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် အခွင့်အရေးများကို ခွဲခြားမှု မရှိဘဲ ရပိုင်ခွင့်။

## အခန်း (၇)

## ကျေးလက်ဒေသ သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း

၁၂။ ဦးစီးဌာနသည်-

(က) ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းများကို အသစ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအပါအဝင် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့၏ လှူဒါန်းငွေ၊ ချေးငွေ၊ နည်းပညာနှင့် အကူအညီအထောက်အပံ့များကို လက်ခံရယူဆောင်ရွက်နိုင်သည်။

၁၃။ ဦးစီးဌာနသည်-

(က) ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခကြေးငွေဖြင့်ဖြစ်စေ၊ အခမဲ့ ဖြစ်စေ ရေပေးဝေခွင့်ပြုနိုင်သည်။

(ခ) ကျေးရွာသောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကော်မတီကိုဖွဲ့စည်း၍ သောက်သုံးရေ ရရှိရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးကုန်ကျစရိတ်များအပါအဝင် ရေဖိုးရေခကောက်ခံခြင်း၊ သာမန် ထိန်းသိမ်းပြုပြင်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေနိုင်သည်။

(ဂ) ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာရေပေးရေးပုဂ္ဂလိက လုပ်ငန်းများကို စိစစ်ခွင့်ပြု၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမှ ရေဖိုးရေခကောက်ခံခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၄။ ဦးစီးဌာနသည် ကျေးလက်ဒေသများ၊ ကျေးလက်ဒေသရှိ စာသင်ကျောင်း၊ ဆေးရုံနှင့် ဆေးခန်းများ သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် သတ်မှတ်ချက်များနှင့်အညီ စီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်။

၁၅။ ဦးစီးဌာနသည် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ကျေးရွာသောက်သုံးရေ ရရှိရေးကော်မတီဖွဲ့စည်း၍ ရေအရင်းအမြစ်နှင့် သောက်သုံးရေပေးဝေရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော မြေအသုံးချခွင့်ရရှိရေးအတွက် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်။

၁၆။ ဦးစီးဌာနသည် ကျေးလက်ဒေသ သောက်သုံးရေရရှိရန် အသုံးပြုလျက်ရှိသော စိမ့်စမ်းရေအပါအဝင် ရေအရင်းအမြစ်များ မခန်းခြောက်စေရေးနှင့် ယင်းတို့၏ ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ မပြုန်းတီး စေရေးတို့အတွက် လိုက်နာရမည့်အချက်များကို သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းထုတ်ပြန်နိုင်ရန် ဗဟိုကြီးကြပ်မှုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၁၇။ ဦးစီးဌာနသည်-

(က) ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားသော ရေအရင်းအမြစ်များ၏ ရေအရည်အသွေးကို စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးရာတွင် သတ်မှတ်အရည်အသွေးနှင့် မကိုက်ညီပါက သောက်သုံးရေ ပေးဝေခြင်းလုပ်ငန်းကို ရပ်ဆိုင်းထားခြင်း သို့မဟုတ် တားမြစ်ခြင်း ပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ပြီးနောက် သောက်သုံးရေရရှိရေးလုပ်ငန်းကို ရေအရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ သင့်လျော်သည့် နည်းလမ်းဖြင့် လျာထားဆောင်ရွက် ပေးရမည်။

၁၈။ ဦးစီးဌာနသည် အကြောင်းအမျိုးမျိုးကြောင့် သောက်သုံးရေပြတ်လပ်သည့် ကျေးလက်ဒေသများသို့ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အလှူရှင် များနှင့် ညှိနှိုင်း၍ သောက်သုံးရေရရှိနိုင်ရန် အလျင်အမြန် ဆောင်ရွက်ပေးရမည်။

၁၉။ ဦးစီးဌာနသည် ရေအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းတို့နှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ကောက်ယူခြင်း၊ ကျေးလက်ဒေသနေ ပြည်သူများ သိရှိနားလည်စေရန် အသိပညာ ပေးခြင်းလုပ်ငန်း ဆောင်ရွက်ရမည်။

၂၀။ ဦးစီးဌာနသည် ကျေးလက်ဒေသနေ ပြည်သူများ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အလေ့အထများ ကျင့်သုံးလာစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ကောင်းမွန်သော အလေ့အထများ ကျင့်သုံးလာစေရန် လေ့ကျင့် ပျိုးထောင်ပေးခြင်း၊

(ခ) ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အမှိုက်ထွက်ရှိမှုကို လျှော့ချခြင်း၊ ပလတ်စတစ်နှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် နေရာသတ်မှတ်ခြင်း၊ အမှိုက်များကို ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံး ပြုနိုင်သည့် အမျိုးအစားနှင့် အသုံးမပြုနိုင်သည့် အမျိုးအစားခွဲခြားခြင်းတို့အတွက် အသိပညာ ပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

(ဂ) ရေစီးရေလာကောင်းမွန်ရေးနှင့် ရေဆိုးများကို စနစ်တကျဘေးကင်းစွာ စွန့်ပစ်ခြင်း သို့မဟုတ် ဘေးကင်းအောင်သန့်စင်စေ၍ ပြန်လည်အသုံးပြုခြင်းတို့အတွက် အသိပညာပေးခြင်းနှင့် စည်းရုံး ဆောင်ရွက်ခြင်း၊

(ဃ) ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ်သုံးစွဲစေခြင်း၊

(င) ကျေးလက်ဒေသရှိ နေအိမ်များ၊ အဆောက်အအုံများတွင် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးနှင့် လျှော့နည်းသက်သာစေရေးအတွက် အသိပညာပေး ဆောင်ရွက်စေခြင်း။

## အခန်း (၈)
## ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်း

၂၁။ ဦးစီးဌာနသည် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး လုပ်ငန်းဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၂၂။ (က) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ဆောင်ရွက်လိုသူ သို့မဟုတ် လုပ်ကိုင်ခွင့်ရရှိလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။ ဦးစီးဌာနသည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုမိန့်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်ရရှိသူသည် ဦးစီးဌာနနှင့် ကျေးရွာမီးလင်းရေးကော်မတီတို့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခ ကောက်ခံနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်ရရှိသူသည် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်ဖြစ်ပွားမှု မရှိစေရေးတို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။

၂၃။ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သူမှအပ ပုဒ်မ ၉ ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်သူသည် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု မပါဝင်ပါက လုပ်ငန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ရန်၊

(ခ) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပါဝင်ပါက လျှပ်စစ်ဓာတ်အားခ ကောက်ခံခွင့် သတ်မှတ်ကာလ ကုန်ဆုံးပါက-

(၁) သက်ဆိုင်ရာကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းပေးအပ်ရန်၊

(၂) လုပ်ငန်းဆက်လက် လုပ်ကိုင်ဆောင်ရွက်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်။

၂၄။ ပြည်တွင်း ပြည်ပ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး လုပ်ငန်းတွင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီသည် ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကုန်ကျစရိတ်ကောက်ခံနိုင်သည်။

## အခန်း (၉)
## ကျေးလက်ဒေသအိမ်ရာတည်ဆောက်ရေးလုပ်ငန်း

၂၅။ ဦးစီးဌာနသည် ကျေးလက်ဒေသ အိမ်ရာဆောက်လုပ်ရာတွင် အောက်ပါတို့ကို အလေးထား ဆောင်ရွက်ရမည်-

(က) ကျေးလက်ဒေသနေ ပြည်သူများ အိုးအိမ်အတည်တကျ နေထိုင်နိုင်ရန်အတွက် အထောက်အကူ ဖြစ်စေရေး၊

(ခ) သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိစေရေး၊ လေဝင်လေထွက်ကောင်းမွန်စေရေးနှင့် သက်ဆိုင်ရာဒေသ၏ ဓလေ့ထုံးစံယဉ်ကျေးမှုတို့နှင့် ကိုက်ညီစေရေး၊

(ဂ) မြေယာပိုင်ဆိုင်မှုကို ဥပဒေနှင့်အညီ စနစ်တကျ စိစစ်သတ်မှတ်ရေး။

၂၆။ ဦးစီးဌာနသည် ဘေးအန္တရာယ်ကျရောက်သော ဒေသအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကျေးရွာသစ်ထူထောင်သောဒေသတွင် သင့်လျော်သော မြေနေရာရွေးချယ်သတ်မှတ်ခြင်းအပါအဝင် ကျေးလက်ဒေသ အိမ်ရာဆောက်လုပ်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၂၇။ ဦးစီးဌာနသည် ကျေးလက်ဒေသ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ပုဒ်မ ၉ ပါ နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၈။ ပုဒ်မ ၉ ပါ နည်းလမ်းတစ်ရပ်ရပ်နှင့်အညီ ကျေးလက်ဒေသ အိမ်ရာဆောက်လုပ်သူသည် လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အပ်နှံရမည်။ ဦးစီးဌာနက သက်ဆိုင်ရာ သတ်မှတ်ထားသည့်အဖွဲ့သို့ အိမ်ရာဆောက်လုပ်မှုဆိုင်ရာ မှတ်တမ်းများနှင့်အတူ စနစ်တကျ ဆက်လက် လွှဲပြောင်းပေးအပ်ရမည်။

## အခန်း (၁၀)
## အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း

၂၉။ ဦးစီးဌာနသည် ဗဟိုကြီးကြပ်မှုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့်-

(က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ပြည်တွင်း အလှူရှင်များ၊ နိုင်ငံတကာအစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့၏ ထောက်ပံ့ လှူဒါန်းငွေတို့ဖြင့် အောက်ပါကိစ္စရပ်များအတွက် အရင်းမပျောက် မတည်ရန်ပုံငွေကို ထူထောင်ရမည်-

(၁) ကျေးလက်ဒေသနေ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့နည်းစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဖော်ဆောင်ခြင်း၊

(၂) စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) အရင်းမပျောက် မတည်ရန်ပုံငွေမှ တိုးပွားလာသောငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၄) ကျေးလက်ဒေသနေ ပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရေး အတွက် လေ့ကျင့်ပျိုးထောင်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ယင်းလုပ်ငန်းအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စည်းကမ်းသတ်မှတ်ချက်များ၊ ရန်ပုံငွေ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များပါဝင်သည့်လုပ်ငန်း လမ်းညွှန်ချက်များကို ရေးဆွဲထုတ်ပြန်နိုင်သည်။

၃၀။ ဦးစီးဌာနသည် အရင်းမပျောက် မတည်ရန်ပုံငွေကို မပျောက်ပျက်စေရေးအတွက် သက်ဆိုင်ရာ ကျေးရွာလုပ်ငန်းအဖွဲ့များ၏ ရန်ပုံငွေသုံးစွဲခြင်း၊ စာရင်းဇယားထိန်းသိမ်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြပ်မတ်ကွပ်ကဲစစ်ဆေးရမည်။

၃၁။ အရင်းမပျောက် မတည်ရန်ပုံငွေအား တစ်စုံတစ်ယောက်က အလွဲသုံးစားပြုကြောင်းတွေ့ရှိလျှင် သို့မဟုတ် အရင်းမပျောက် မတည်ရန်ပုံငွေကို ချေးယူသုံးစွဲသူသည် အရင်းငွေနှင့်ကျသင့်သည့်အတိုးငွေတို့ကို

သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရန်ပျက်ကွက်ကြောင်းတွေ့ရှိလျှင် ကျေးရွာလုပ်ငန်းအဖွဲ့သည် သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုရမည်။

၃၂။ ကျေးရွာလုပ်ငန်းအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက အရင်းမပျောက် မတည်ရန်ပုံငွေအား အလွဲသုံးစားပြုကြောင်းတွေ့ရှိလျှင် မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့သည် ထိုသူအား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရမည်။

၃၃။ ကျေးလက်ဒေသနေ ပြည်သူများသည်-

(က) ကျေးရွာအလိုက် အရင်းမပျောက် မတည်ရန်ပုံငွေများကို ချေးယူသုံးစွဲခွင့်ရှိသည်။

(ခ) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်မှုလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ ချေးယူနိုင်သည်။

(ဂ) ချေးယူသည့်အရင်းငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ပေးသွင်းရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ရရှိသောအတိုးငွေကို ဦးစီးဌာန၏ အတည်ပြုချက်ရယူ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သတ်မှတ်ချက်များနှင့်အညီ သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အခန်း (၁၁)

## ဘဏ္ဍာရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၃၄။ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ခွင့်ပြုဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲရမည်။

၃၅။ ဝန်ကြီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပအကူအညီ အထောက်အပံ့အဖြစ်ရရှိသော နိုင်ငံခြားသုံးငွေအပါအဝင် ငွေကြေးနှင့် ပစ္စည်းများကို လက်ခံခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်းတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၃၆။ ဦးစီးဌာနသည် ပုဒ်မ ၃၅ အရ ပြည်တွင်း ပြည်ပအကူအညီ အထောက်အပံ့အဖြစ်ရရှိသော နိုင်ငံခြားသုံးငွေအပါအဝင် ငွေကြေးများကို သတ်မှတ်ချက်များအတိုင်း ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် သီးခြားဘဏ်စာရင်းဖွင့်လှစ်၍ ဥပဒေနှင့်အညီ လိုက်နာသုံးစွဲဆောင်ရွက်ရမည်။

၃၇။ ဦးစီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာခွင့်ပြုချက်ရရှိပြီးသည့် တိုက်ရိုက်ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဒေသခံပြည်သူများသို့ တိုက်ရိုက်လွှဲပြောင်းပေးအပ်ဆောင်ရွက်စေ၍ ငွေကြေးသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

၃၈။ ဦးစီးဌာနသည် သက်ဆိုင်ရာကျေးရွာလုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များပူးပေါင်းပါဝင်ဆောင်ရွက်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသုံးစရိတ်ရှင်းတမ်းများကို သတ်မှတ်သည့်ကာလအပိုင်းအခြားဖြင့် အများမြင်သာသည့်နေရာတွင် ဖော်ပြနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်။

၃၉။ ဦးစီးဌာနအပါအဝင် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ငွေကြေးနှင့် ပစ္စည်းများရရှိသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းခံယူရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၀။ မည်သူမဆို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများကို တာဝန်အရ အကောင်အထည်ဖော်ဆောင်ရွက်သူအား-

(က) ရာဇဝတ်မကင်းသော အနိုင်အထက်ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း သို့မဟုတ် တားဆီးခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၄၂။ ဦးစီးဌာနသည် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ အသိပညာတိုးပွားစေရေး ဆောင်ရွက်ရမည်။

၄၃။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျေးရွာကော်မတီ သို့မဟုတ် အဖွဲ့များဖွဲ့စည်းရာတွင် အမျိုးသမီးများ ပါဝင်ဖွဲ့စည်းရမည်။

၄၄။ ဦးစီးဌာနသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၄၅။ ဦးစီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပအကူအညီအထောက်အပံ့ဖြင့် ရရှိသည့်ငွေကြေး၊ ပစ္စည်းသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ထုတ်ပြန်ကြေညာရမည်။

၄၆။ မည်သူမဆို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ ပစ္စည်း သို့မဟုတ် ငွေကြေးကို အလွဲသုံးစားပြုလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူရမည်။

၄၇။ ဤဥပဒေပုဒ်မ ၄၀ နှင့် ၄၁ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကြီးကြပ်မှုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ကော့သောင်းမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးကိုကို (တ/၂၉၆၂) အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးအောင်ခင် ကို ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်)

**တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးကြင်ထွဋ် ကို ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၃/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်)

**တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း**

၁။ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကွီးထန်း သည် ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။

၂။ ယခုအခါ အဆိုပါ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်စွဲပါ စာဖြင့် ပါတီဝင်အဖြစ်မှ မိမိ၏ဆန္ဒအလျောက်နုတ်ထွက်ကြောင်း အကြောင်းကြားတင်ပြချက်အရ လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ စာဖြင့် ယင်းလွှတ်တော်ကိုယ်စားလှယ်အား ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း အကြောင်းကြားတင်ပြချက်အရ လည်းကောင်း ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၌ ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) ၏ ဆွေးနွေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဆ)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၇၂ (ဂ) တို့နှင့်အညီ ဦးကွီးထန်း ကို တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲ သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးအား ဒုတိယညွှန်ကြားရေးမှူးချုပ်များ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် လက်ရှိ တာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာန၌ပင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှအစပြု၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာန |
|---|---|---|
| ၁။ | ဦးကျော်သူငြိမ်း | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၂။ | ဦးသက်ထွန်း | သံတမန်ရေးရာဦးစီးဌာန |

အမိန့်အရ

အောင်ဆန်းစုကြည်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၂/၂၀၂၀)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မဇောကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၈၈/ခုံမော်အနောက်ကွင်း)၊ ဦးပိုင်အမှတ် (N-၃၉) ရှိ **တုံးဗျောငယ်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ် သာသနာ့မြေဧရိယာ ၅. ၀၅ ဧကအနက်မှ **၀. ၀၄ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမ သီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးတင်စိုး (ဂေါပကအဖွဲ့ဥက္ကဋ္ဌ) [၆/အမရ (နိုင်) ၀၆၉၁၇၆]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃/၂၀၂၀)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၁/အောင်သုခအကွက်)၊ မြေကွက်အမှတ် (၁၄၁/၄၄၀) ရှိ **မြေဧရိယာ ၀. ၂၃၇ ဧက** အား **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကော့သောင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄/၂၀၂၀)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်/အမည် - ၇၂/ မောင်ငံအကွက်၊ ဦးပိုင်အမှတ် (၁၂ဏ/၁၉) ရှိ **မြေဧရိယာ ၀. ၁၃၈ ဧက** အား **ငါးလုပ်ငန်းဦးစီးဌာန၊ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန** ရုံးမြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၅/၂၀၂၀)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၄၂/OSS/ကံပေါက်ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၅. ၇၇ ဧက** အား **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၆/၂၀၂၀)

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်- ဟားခါးထာရ် (၂)၊ ဦးပိုင်အမှတ် (၃၀)၊ **မြေဧရိယာ ၁. ၁၄၀ ဧက** အား **ပြည်နယ်အလုပ်သမားဆက်ဆံရေး ဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အဦ ဆောက်လုပ်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၇/၂၀၂၀)

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့၊ ညောင်ကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် [၁၀-အချပ် (၂)/ညောင်ကုန်း]၊ ဦးပိုင်အမှတ် (၉၆)၊ မြေကွက်အမှတ် (၁၂၅)၊ **မြေဧရိယာ ၁. ၁၀၁ ဧက** အား **ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးဌာနပိုင်မြို့နယ်ခန်းမ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၇ ရက်)

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၄) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | က ၃၀၇၄ ဒုတိယညွှန်ကြားရေးမှူး ချိုဝင်းထွန်း<br>တာဝန်ခံအရာရှိ<br>မန္တလေးဗဟိုအကျဉ်းထောင် | ညွှန်ကြားရေးမှူး<br>စီမံကိန်းလုပ်ငန်းဌာန |
| (၂) | က ၃၂၂၅ ဒုတိယညွှန်ကြားရေးမှူး မင်းထွန်းစိုး<br>ဦးစီးအရာရှိ (ပထမတန်း)<br>လုံခြုံရေးဌာနစု | ဦးစီးမှူး<br>မွန်ပြည်နယ်ဦးစီးမှူးရုံး |
| (၃) | က ၃၂၂၆ ဒုတိယညွှန်ကြားရေးမှူး ဇော်ဇော်<br>တာဝန်ခံအရာရှိ<br>အင်းစိန်ဗဟိုအကျဉ်းထောင် | ညွှန်ကြားရေးမှူး<br>ကုန်ထုတ်လုပ်ငန်းဌာန |
| (၄) | က ၄၀၄၉ ဒုတိယညွှန်ကြားရေးမှူး လင်းဗိုလ်နောင်<br>တာဝန်ခံအရာရှိ<br>သာယာဝတီဗဟိုအကျဉ်းထောင် | ဦးစီးမှူး<br>ကရင်ပြည်နယ်ဦးစီးမှူးရုံး |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၀)

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ကျန်းမာရေးဌာနစုတွင် ဆေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ထားသည့် က ၄၀၂၉ ဒုတိယညွှန်ကြားရေးမှူး သန့်ဇော်ဝင်း အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ကျန်းမာရေးဌာနစု၌ပင် ဆေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၀)**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးဌာနမှ စ/၀၈၁၉ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရှမ်းပြည်နယ်ရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၁၉)**
နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၉/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့၏ သဘောထားပေးပို့ချက်များအရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးအား လစ်လပ်လျက်ရှိသော ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ ပြည်နယ်ဦးစီးဌာနမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ တာဝန်၊ ဒေသ | တိုးမြှင့်ရာထူး၊ တာဝန်၊ ဒေသ |
|---|---|---|---|
| (က) | ဒေါက်တာကျော်သူ | ဒုတိယညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲရေးဌာနခွဲ၊<br>ဝန်ထမ်းရေးရာဌာနစု | ညွှန်ကြားရေးမှူး/<br>ပြည်နယ်ဦးစီးဌာနမှူး<br>ချင်းပြည်နယ် |
| (ခ) | ဒေါက်တာနှင်းသီတာမြင့် | ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်း၊ စာရင်းအင်း၊<br>အပြည်ပြည်ဆိုင်ရာနှင့်သတင်း<br>အချက်အလက်နည်းပညာဌာနခွဲ | ညွှန်ကြားရေးမှူး/ဌာနခွဲမှူး<br>စီမံကိန်း၊ စာရင်းအင်း၊<br>အပြည်ပြည်ဆိုင်ရာနှင့်သတင်း<br>အချက်အလက်နည်းပညာဌာနခွဲ |

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၁၇၈/၂၀၁၉)**
နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်နှင့် တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) (ခ) နှင့် တိရစ္ဆာန်ဆေးပညာကောင်စီ နည်းဥပဒေများ၊ နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (က) တို့အရလည်းကောင်း၊ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေပုဒ်မ ၂၇၊

ပုဒ်မခွဲ (က) နှင့် တိရစ္ဆာန်ဆေးပညာကောင်စီ နည်းဥပဒေများ၊ နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (ခ) တို့အရ လည်းကောင်း အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့အမည်နှင့်ယှဉ်တွဲပါ တိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ မှတ်ပုံတင်အရာရှိများအဖြစ် တာဝန် ပေးအပ်လိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (က) | ပါမောက္ခဒေါက်တာမြင့်သိန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)<br>မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကု<br>ဆရာဝန်များအသင်း | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာခင်ဇော် | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာရဲထွန်းဝင်း | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပါမောက္ခဒေါက်တာစောပိုပို | ဒုတိယပါမောက္ခချုပ် (စီမံ)<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | အဖွဲ့ဝင် |
| (င) | ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဦး | ယာယီတပ်မှူး<br>ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာတင်အေးခိုင် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာသောင်းရှုန် | ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာစိုးမင်း | တိရစ္ဆာန်ဆေးကုဆရာဝန်<br>Director, Mya Yeik Mon Printing &<br>Pet Services Co., Ltd. | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာမြတ်ကျော် | ရုံးအဖွဲ့မှူး (ငြိမ်း)<br>မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာယဉ်ယဉ်စန်း | ညွှန်ကြားရေးမှူး(ငြိမ်း)<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာရဲထွဋ်အောင် | ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာရန်နိုင်စိုး | ညွှန်ကြားရေးမှူး (ငြိမ်း)<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာဝင်းနိုင်ကိုကို | တိရစ္ဆာန်ဆေးကုဆရာဝန် (ကိုယ်ပိုင်) | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာအုန်းကျော် | ဒုတိယပါမောက္ခချုပ် (ငြိမ်း)<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာမြင့်နိုင် | ညွှန်ကြားရေးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | မှတ်ပုံတင်<br>အရာရှိ<br>(အတွင်းရေးမှူး) |

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆၇/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွန်ပြည်နယ် ဦးစီးဌာနမှူးရုံးမှ ပြည်နယ်ဦးစီးမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ အောင်သန်းဝင်း အား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၉၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၇ အရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) အရ ပြင်ဆင်ဖွဲ့စည်းထားရှိသော **မွေးမြူရေးနှင့်ရေလုပ်ငန်းစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ** တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့သော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်ရွှေ **အစား** ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော် အား အဖွဲ့ဝင်အဖြစ် အစားထိုးတာဝန်ပေးအပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၉၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန မွန်ပြည်နယ်ရုံးမှ ပြည်နယ် ဦးစီးဌာနမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးစိုးမြင့် အား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) ဆုံးဖြတ်ချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (The Global Fund Grant) အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် UNOPS Myanmar က ထောက်ပံ့လာသော Toyota Hilux Double Cab 2.4 Turbo Diesel 2017 Model ယာဉ် (၁) စီးကို ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ လှူဒါန်းယာဉ်ဖြစ်ခြင်း၊ စီမံကိန်းလုပ်ငန်းခွင်တွင် အသုံးပြုမည့်ယာဉ်ဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အခွန်အကောက်ကင်းလွတ်ခွင့်ပြုထားသော ယာဉ်ဖြစ်ခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ ၄၃ အရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၀/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သူနာတင်ယာဉ် (၂) စီးအတွက် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် ပတ်သက်၍ လှူဒါန်းယာဉ်များဖြစ်ခြင်း၊ Ambulance ယာဉ်ထုတ်လုပ်ရာတွင် နမူနာယာဉ်အဖြစ် တပ်ဆင်သည့် သူနာတင်ယာဉ်များဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားသော ယာဉ်များဖြစ်ခြင်း၊ ဌာနက ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ ၄၃ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခကြေးငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) Myanmar Trade Center Co.,Ltd က အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းအမည်ဖြင့် ပြည်ပက တင်သွင်းခဲ့ပြီး နမူနာယာဉ်အဖြစ် လှူဒါန်းသော Toyota Hiace, Mini Bus, 2017 Model ယာဉ် (၁) စီးကို အမှတ် (၁၅) အကြီးစားစက်ရုံ (သာဂရ) တွင် Ambulance ယာဉ် Standard အဖြစ်လိုအပ်သော Trimming Parts များနှင့် Medical Equipment များ တပ်ဆင်ပြီးဖြစ်သည့် 7Q-3776 သူနာတင်ယာဉ် (၁) စီး၊

(ခ) ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကိုရီးယားနိုင်ငံ Gyeonggi ပြည်နယ်အစိုးရက လှူဒါန်းသည့် Hyundai Grand Starex 2014 Model သူနာတင်ယာဉ် (၁) စီး။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၁/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) ဆုံးဖြတ်ချက်အရ ရန်ကုန်တိုင်း

ဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် အသုံးပြုရန်အတွက် K Future International Supplied Material Co.,Ltd ထံက ဝယ်ယူခဲ့သည့် Toyota Hiace, 2015 Model, HSE-6046 နိဗ္ဗာန်ယာဉ် (၁) စီးကို ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ နိဗ္ဗာန်ယာဉ်ဖြစ်ခြင်း၊ အကောက်ခွန်ဦးစီးဌာနက ကုန်သွယ် လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားခြင်း၊ နိဗ္ဗာန်ယာဉ်အတွက် ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခကောက်ခံရန် မော်တော်ယာဉ်အမျိုးအစားအုပ်စုသတ်မှတ်ချက် မပါရှိခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ ၄၃ အရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀၂/၂၀၁၉)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ မီးသတ်ယာဉ် (၈) စီးအတွက် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ မီးသတ်ယာဉ်များဖြစ်ခြင်း၊ အကောက်ခွန်ဦးစီးဌာနက ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားသော ယာဉ်များဖြစ်ခြင်း၊ ဌာနက ထုတ်ပြန်ထားသော မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ် ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ ၄၃ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခကြေးငွေများကို ကင်းလွတ်ခွင့် ပြုလိုက်သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် ဝယ်ယူခဲ့သည့် Volvo FMX 2018 Model, 7Q-8464 နှင့် 7Q-8465 မီးသတ်ယာဉ် (၂) စီး၊

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်တို့၏ ခွင့်ပြုချက်အရ Asia World Port Management Co.,Ltd အမည်ဖြင့် ပြည်ပက တင်သွင်းလာသော JAC 2019 Model, 7Q-6648 မီးသတ်ယာဉ် (၁) စီး၊

(ဂ) ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် အသုံးပြုရန် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုဘဏ္ဍာရန်ပုံငွေ အသုံးစရိတ်ဖြင့် ဝယ်ယူခဲ့သည့် Dong Feng Fire Fighting Truck (မီးငြိမ်းသတ်ယာဉ်ကြီး) (၅) စီး။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ဆုံးဖြတ်ချက်အရ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ် (ဗဟိုယာဉ်မောင်းလိုင်စင်ဌာန) က ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်တင်တင်ဌေး သည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် အသက် (၆၀) နှစ် ပြည့်မည်ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့်ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့က စတင်၍ ခံစားစေပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် နေ့၏ နောက်တစ်နေ့ကစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၂၃၃) (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

# (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၁၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) နှင့် လူမှုဖူလုံရေးအဖွဲ့က အောက်ဖော်ပြပါ သူနာတင်ယာဉ် (၄) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသော ယာဉ်များဖြစ်ခြင်း၊ သူနာတင်ယာဉ်များဖြစ်ခြင်း၊ ဌာနက ထုတ်ပြန်ထားသော မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေပုဒ်မ ၄၃ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) Korea Labor Welfare Center (KLWC) အဖွဲ့က အလုပ်သမားများအတွက် အရေးပေါ်လိုအပ်သည့် အခြေအနေတွင် အသုံးပြုနိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) သို့ တင်သွင်းလှူဒါန်းသည့် Hyundai Grand Starex, 2012 Model, 7Q-3682 သူနာတင်ယာဉ် (၁) စီး၊

(ခ) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့က ဝယ်ယူခဲ့သော စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းထုတ် JIN BEI HAISE, 9Q-1376, 9Q-1369, 9Q-1371 သူနာတင်ယာဉ် (၃) စီး။

# (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၁၂/၂၀၁၉)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ဆုံးဖြတ်ချက်အရ သံဃာတော်များ၏ သာသနာရေးကိစ္စရပ်များဆောင်ရွက်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းရရှိသည့် အောက်ဖော်ပြပါ မော်တော်ယာဉ် (၁၆) စီးအတွက် ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ၎င်းယာဉ်များသည် လှူဒါန်းယာဉ်များဖြစ်ခြင်း၊ သာသနာရေးဆိုင်ရာ "RLG" မူသေအမှတ်ရယူထားသော ယာဉ်များဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသော ယာဉ်များဖြစ်ခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေပုဒ်မ-၄၃ အရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပြည်မြို့၊ နဝင်းနယ်မြေ၊ ရွှေတစ်ချောင်းလမ်း၊ မဟာဇေယျာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တထေရာနန္ဒ သို့ လှူဒါန်းသည့် RLG-1269, Toyota Fortuner, 2015 Model မော်တော်ယာဉ် (၁) စီး၊

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ တိပိဋက ကမ္ဘောဇကျောင်းတိုက်၊ (၁၄) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ဘဒ္ဒန္တဝီရိယာနန္ဒ သို့ လှူဒါန်းသည့် RLG-1433, Lexus LX 570,2019 Model မော်တော်ယာဉ် (၁) စီး၊

(ဂ) မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့စွယ်ကျေးရွာ၊ ပရိယတ္တိအရှေ့ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုနန္ဒ သို့ လှူဒါန်းသည့် RLG-8489, Toyota Rush, 2019 Model မော်တော်ယာဉ် (၁) စီး၊

(ဃ) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မောင်းတိုင် (၂) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ သီရိမင်္ဂလာတိုက်သစ်စာသင်တိုက် ဆရာတော်ဘဒ္ဒန္တပညာဝုဓ သို့ လှူဒါန်းသည့် RLG-9151, Toyota Fortuner, 2019 Model မော်တော်ယာဉ် (၁) စီး၊

(င) ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ တောင်ဘက်ပိုင်းရပ်ကွက်၊ မရမ်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရေဝတဇောတိ သို့ လှူဒါန်းသည့် RLG-1663, Toyota Fortuner, 2015 Model မော်တော်ယာဉ် (၁) စီး၊

(စ) ကရင်ပြည်နယ်၊ ဖာပွန်မြို့၊ အမှတ် (၄) ရပ်ကွက်၊ ဥတ္တရာရုံအေးသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါရိန္ဒ သို့ လှူဒါန်းသည့် RLG-4116, Toyota Landcruiser Prado, 2015 Model မော်တော်ယာဉ် (၁) စီး၊

(ဆ) မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်၊ သိင်္ဂနိက်ရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇောဘာသ သို့ လှူဒါန်းသည့် RLG-1351, Toyota Fortuner, 2015 Model မော်တော်ယာဉ် (၁) စီး၊

(ဇ) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ ပဏ္ဍိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောပါက သို့ လှူဒါန်းသည့် RLG-5661, Toyota Landcruiser, 2015 Model မော်တော်ယာဉ် (၁) စီး၊

(ဈ) ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့၊ ထေရဝါဒဗုဒ္ဓသာသနပြု **ဗဟို** ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသိရိဓမ္မ သို့ လှူဒါန်းသည့် RLG-1366, Lexus (GX 460), 2015 Model မော်တော်ယာဉ် (၁) စီး၊

(ည) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ ကောလင်း ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာစက္က သို့ လှူဒါန်းသည့် RLG-1636, Toyota Hilux, 2015 Model မော်တော်ယာဉ် (၁) စီး၊

(ဋ) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြို့ဦးစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏဝံသ သို့ လှူဒါန်းသည့် RLG-4778, Toyota Rush, 2019 Model မော်တော်ယာဉ် (၁) စီး၊

(ဌ) ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ရွာဘဲတောင်ပေါ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ သို့ လှူဒါန်းသည့် RLG-5488, Lexus GX 460, 2019 Model မော်တော်ယာဉ် (၁) စီး၊

(ဍ) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်သံဃမဟာနာယက ကျောင်းဆောင် ဆရာတော်ဘဒ္ဒန္တသုဘောဂ သို့ လှူဒါန်းသည့် RLG-6723, Ford Explorer, 2015 Model မော်တော်ယာဉ် (၁) စီး၊

(ဎ) နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးကျေးရွာ၊ ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသ သို့ လှူဒါန်းသည့် RLG-8154, Toyota Fortuner, 2015 Model မော်တော်ယာဉ် (၁) စီး၊

(ဏ) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစန္ဒသိရီ သို့ လှူဒါန်းသည့် RLG-5030, Toyota Landcruiser Prado, 2016 Model မော်တော်ယာဉ် (၁) စီး၊

(တ) တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ (၁) ရပ်ကွက်၊ မင်းသီရိလမ်း၊ မင်းသီရိကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသောဘိတ သို့ လှူဒါန်းသည့် RLG-6390, Toyota RAV-4, 2015 Model မော်တော်ယာဉ် (၁) စီး။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) ဆုံးဖြတ်ချက်အရ

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (မြစ်ကြီးနား) က ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးစိုးမိုးပိုင် ကို လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့ကစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနက လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးလွမ်းသူ ကို လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာတွင် တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့ကစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

### တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအမည်ပြင်ဆင်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ သဘောတူခွင့်ပြုချက်အရ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၃ ဖြင့် ဖွဲ့စည်းထားသော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းကျရောက်သည့် **ကျောက်ပန်းတောင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော** ကို ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဆန္ဒသဘောထားနှင့်အညီ **ကီမိုတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော** အဖြစ် ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့) မှစတင်၍ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)**

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၂၀ ပြည့်နှစ် ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ်အရောင်းစင်တာ (Sale Centre) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာတွင် အောက်ဖော်ပြပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်မည့် ကုမ္ပဏီသည် Consignment စနစ်ဖြင့် ဆောင်ရွက်ပါက စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ် တစ်ခုဖြင့်သာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်။

(ခ) မော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်မည့် ကုမ္ပဏီသည် Normal LC or TT စနစ်ဖြင့် ဆောင်ရွက်ပါက တစ်ဖက်ကုန်ရောင်းသူနှင့် ချုပ်ဆိုထားသည့် Agreement ကို တင်ပြ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

(ဂ) မော်တော်ယာဉ်အရောင်းစင်တာဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေ သိန်း (၅၀၀) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) မော်တော်ယာဉ် အရောင်းစင်တာ (Sale Center) တွင် ရောင်းချမည့် မော်တော်ယာဉ်များကို တင်သွင်းရာတွင် အပ်ကုန် (Consignment Basic) စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် သို့မဟုတ် TT (Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့် တင်သွင်းနိုင်သည်။

(င) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ရန်ကုန်ဆိပ်ကမ်းအရောက် တင်သွင်းရမည်။

(စ) မော်တော်ယာဉ်အရောင်းစင်တာတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ် အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏ အခါအားလျော်စွာထုတ်ပြန်သည့် သတ်မှတ်အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီး မော်တော်ယာဉ်ဥပဒေအရ နှစ်စဉ်အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများနှင့် မော်ဒယ်နှစ်များအတိုင်းသာ တင်သွင်းရမည်။

(ဆ) တင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ်အရောင်းစင်တာတွင်သာ ထားရှိရမည်။ ယင်းအရောင်းစင်တာမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကို ဆောင်ရွက်လိုပါက သီးခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ဇ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။ လုပ်ငန်းလုပ်ကိုင်ခွင့်မရရှိမီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ထားခြင်းနှင့်ပတ်သက်၍ မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် (၆) လ ယာယီသက်တမ်းခွင့်ပြုမည်။

(ဈ) အရောင်းစင်တာ ဖွင့်လှစ်မည့်နေရာသတ်မှတ်ချက်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသောအဖွဲ့အစည်းများ၏ အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ည) မော်တော်ယာဉ်အရောင်းစင်တာ၏ အကျယ်အဝန်းသည် အနည်းဆုံး စတုရန်းပေ (၉၀၀၀) ရှိရမည်။

(ဍ) အရောင်းစင်တာများမှ ရောင်းချသည့် မော်တော်ယာဉ်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ် လျှောက်ထားပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်။

(ဎ) မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် အရောင်းစင်တာအတွက် ခွင့်ပြုထားသော တင်သွင်းခွင့်လိုင်စင်ကို တစ်စုံတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ဏ) အရောင်းစင်တာဖွင့်လှစ်သည့်ကုမ္ပဏီများအနေဖြင့် အရောင်းစင်တာတွင် (၂) နှစ်အတွင်း မရောင်းရသော မော်တော်ယာဉ်များကိုဖြစ်စေ၊ လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော မော်တော်ယာဉ်များကိုဖြစ်စေ စာရင်းရှင်းလင်းခြင်း၊ ယာဉ်မှတ်ပုံတင်ခြင်းကို ဆိပ်ကမ်းရောက်ရှိပြီး (၂) နှစ်အတွင်း အပြီးဆောင်ရွက်ရမည်။

(ပ) တင်သွင်းခဲ့သည့် မော်တော်ယာဉ်များ ရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း သို့မဟုတ် လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်း တို့ကို အပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသော အာမခံငွေ (Deposit) မြန်မာကျပ်ငွေ သိန်း (၅၀၀) အား ပြန်လည်ထုတ်ယူနိုင်သည်။

(ဖ) မော်တော်ယာဉ်အရောင်းစင်တာတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ် စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ တာဝန်လွှဲအပ်သည့် အဖွဲ့အစည်းမှဖြစ်စေ ဝင်ရောက် စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(တ) အရောင်းစင်တာလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို အနည်းဆုံး သက်တမ်းမကုန်မီ (၁) လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၃။ ပြုပြင်ပြီး (Reconditioned) မော်တော်ယာဉ်များ တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ကိုက်ညီအောင်ပြုပြင်ထားသည့် မော်တော်ယာဉ်များကိုသာ တင်သွင်းရမည်-

(က) လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အကောင်းပကတိပြည့်စုံကြောင်း စစ်ဆေးပြီး၊ တပ်ဆင်ပြီးသော အင်ဂျင်ဖြစ်ရမည်။ (The engine must be tested and checked including the replacement of necessary parts, whether it is in good condition and completely adjusted or not.)

(ခ) လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အပြည့်အဝဘေးအန္တရာယ် ကင်းရှင်းရန် ဘရိတ်များမှအစ အသေးစိတ်စစ်ဆေးပြီး ပြန်လည်ပြင်ဆင်ထားသည့် ယာဉ်အောက်ပိုင်း ဖြစ်ရမည်။ (The Chassis including the break and necessary parts must be overhauled and repaired for accident prevention.)

(ဂ) ပြီးပြည့်စုံသည့်အနေအထားသို့ ရောက်သည်အထိ ဆေးသုတ်ပြုပြင်ထားသော ယာဉ်ကိုယ်ထည် ဖြစ်ရမည်။ (The body of vehicle must be completely repaired and painted.)

(ဃ) ယာဉ်အတွင်းပိုင်း သန့်ရှင်းရမည်။ (The interior of the vehicle must be cleaned.)

(င) ဘက်ထရီနှင့် တာယာများ အသစ်ဖြစ်ရမည်။ (New battery and new tyres must be installed.)

(စ) သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီရမည်။ (ဥပမာ - လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ အငှားယာဉ်တက္ကစီ) [The vehicle must be in conformity with the required standards prescribed by relevant agencies or ministries. (eg. Ambulance, fire engine, taxi...)]

၄။ အထက်အပိုဒ် ၂ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ဥပဒေစည်းမျဉ်းများအပြင် အခြားတည်ဆဲဥပဒေစည်းမျဉ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

**စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်နှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြု ဆုံးဖြတ်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါ စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ပြည်ထောင်စုနယ်မြေ စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးအေးမောင်စိန် | နေပြည်တော်ကောင်စီဝင် | ဥက္ကဋ္ဌ |
| ၂ | ရဲမှူးကြီး<br>ခင်မောင်သော် | ဒုတပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး | ဒုဥက္ကဋ္ဌ |
| ၃ | ဦးဆန်းထွန်း | ဒုတိယညွှန်ကြားရေးမှူး<br>ဒက္ခိဏခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| ၄ | ဦးမောင်မောင်စံ | ညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန | အဖွဲ့ဝင် |
| ၅ | ဦးကျော်သူရ | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဒေါက်တာ<br>စပယ်ထက်ထက်ထူး | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးအောင်နိုင်ဦး | စားသုံးသူကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၈ | ဒေါက်တာ<br>ကျော်ကျော် | ညွှန်ကြားရေးမှူး<br>နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | ဦးဟန်ဝင်းကျော် | နေပြည်တော်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးမြင့်သောင်း | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဗိုလ်မှူးကြီး<br>အောင်စိုးမိုး | ဝန်ကြီး<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုဥက္ကဋ္ဌ |
| ၃ | ဦးမြင့်သန်း | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ခ) ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီမှအဆက်

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၄ | ဒေါက်တာမင်းဝန် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးသန့်ဇင်ထွန်း | လက်ထောက်ဌာနမှူး<br>စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၆ | ဦးမျိုးဝင်း | ဥပဒေအရာရှိ<br>တိုင်းဒေသကြီးဥပဒေချုပ်ရုံး (လက်ထောက်တိုင်း) | အဖွဲ့ဝင် |
| ၇ | ဦးအေးဝင်း | တွဲဖက်အထွေထွေအတွင်းရေးမှူး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ<br>ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ၈ | ဒေါက်တာမိုမိုတင် | တွဲဖက်အတွင်းရေးမှူး (၁)<br>မြန်မာစားသုံးသူများသမဂ္ဂ | အဖွဲ့ဝင် |
| ၉ | ဦးကျော်ကျော်လွင် | တိုင်းဒေသကြီးဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ဂ) မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးမြတ်သူ | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ပါမောက္ခဒေါက်တာ<br>အောင်မြင့် | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>တိုင်းရင်းဆေးပညာဦးစီးဌာန | ဒုဥက္ကဋ္ဌ |
| ၃ | ဦးတင်မြင့်ဦး | ဥပဒေအရာရှိ<br>တိုင်းဒေသကြီး ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ၄ | ဦးလှမျိုး | ဌာနမှူး<br>စည်ပင်သာယာရေးကော်မတီ (သန့်ရှင်းရေးဌာန) | အဖွဲ့ဝင် |
| ၅ | ဦးဝင်းဇော်နိုင် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဒေါက်တာနီနီအေး | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးမြင့်ဇော်ဦး | တိုင်းဒေသကြီးဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ဃ) ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးညွှန့်ရွှေ | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဒေါ်အေးအေးချစ် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒုဥက္ကဋ္ဌ |

(ဃ) ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီမှအဆက်

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၃ | ရဲမှူးချုပ်မြင့်ဦး | ရဲတပ်ဖွဲ့မှူး<br>တိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၄ | ဦးစိုးစိုး | တိုင်းဥပဒေအရာရှိ<br>တိုင်းဒေသကြီး ဥပဒေရုံး | အဖွဲ့ဝင် |
| ၅ | ဦးအောင်မြင့် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၆ | ဦးခင်ရွှေ | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဒေါက်တာ<br>မြတ်မိုးကြည် | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီး အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဒေါ်သန်းသန်းဦး | ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင် | အဖွဲ့ဝင် |
| ၉ | ဦးကျော်စွာဝင်း | တိုင်းဒေသကြီးဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(င) စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးစိုးဦး | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးမျိုးမင်း | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး မြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း | ဒုဥက္ကဋ္ဌ |
| ၃ | ဦးသန့်ဇင် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ၄ | ဦးသစ်ထူးမြင့် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဒေါ်အုန်းခင် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဒေါက်တာ<br>ထွန်းလင်းအောင် | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးအောင်သူဦး | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးထွန်းထွန်းဦး | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး ဆီစက်ပိုင်ရှင်များအသင်း | အဖွဲ့ဝင် |
| ၉ | ဦးခင်မောင်လှိုင် | တိုင်းဒေသကြီးဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(စ) မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးဇော်မင်း | ဝန်ကြီး<br>စီမံ၊ ဘဏ္ဍာနှင့် စည်ပင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးဝင်းနိုင် | ဥပဒေအရာရှိ<br>တိုင်းဒေသကြီး ဥပဒေရုံး | အဖွဲ့ဝင် |
| ၃ | ဦးထင်အောင် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၄ | ဒေါက်တာပြည့်ထူး | တိုင်းဒေသကြီးတာဝန်ခံ<br>တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးမြင့်ဝင်း | တိုင်းဒေသကြီးဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ဆ) တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဒေါ်ရီရီချို | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဒေါက်တာထွန်းမင်း | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဒုဥက္ကဋ္ဌ |
| ၃ | ဦးစိုးမြင့် | ဥပဒေအရာရှိ<br>တိုင်းဒေသကြီး ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ၄ | ဦးထွန်းထွန်းဝင်း | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးခင်မောင်အေး | ရဲတပ်ဖွဲ့မှူး<br>တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ၆ | ဦးသက်လွင်ဦး | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၇ | ဒေါ်မေသန်းနိုင် | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီး အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးရဲထွဋ်နိုင် | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး ကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| ၉ | ဦးဝင်းထွန်း | တိုင်းဒေသကြီးဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၈)  ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးငွေဝင်း | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးဝင်းမြင့် | တိုင်းဒေသကြီးဦးစီးမှူး (ငြိမ်း)<br>တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန | ဒုဥက္ကဋ္ဌ |
| ၃ | ဦးလင်းကိုကို | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဒေါ်သီသီမာ | ဥပဒေအရာရှိ<br>တိုင်းဒေသကြီး ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ၅ | ဦးဖုန်းလွင် | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၆ | ဦးကျော်ဝင်း | ပညာရေးမှူး<br>တိုင်းဒေသကြီး ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| ၇ | ဒေါက်တာပြည့်ဖြိုး | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီး အစားအသောက်နှင့်<br>ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးနေလင်းအောင် | ကျွမ်းကျင်သူ (စားသုံးသူအရေး) | အဖွဲ့ဝင် |
| ၉ | ဦးစိုးအောင် | တိုင်းဒေသကြီးဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၉)  ကချင်ပြည်နယ် စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးဝေလင်း | ဝန်ကြီး<br>ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဒေါက်တာအေးသိန်း | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ် ကျန်းမာရေးဦးစီးဌာန | ဒုဥက္ကဋ္ဌ |
| ၃ | ဒေါ်သစ်သစ်ဝင်း | ဥပဒေအရာရှိ<br>ပြည်နယ် ဥပဒေရုံး | အဖွဲ့ဝင် |
| ၄ | ဦးစိုးနိုင် | ညွှန်ကြားရေးမှူး<br>ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဦးမျိုးဦး | ညွှန်ကြားရေးမှူး<br>ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဒေါက်တာ<br>တင်ထွန်းဦး | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | စောနွဲ့ကြီအောင် | စီမံခန့်ခွဲရေးကော်မတီဝင်<br>နမ့်ကျိုပရဟိတဖောင်ဒေးရှင်း | အဖွဲ့ဝင် |
| ၈ | ဒေါ်တွမ်ဖန် | တာဝန်ခံ<br>မေတ္တာလူမှုဖွံ့ဖြိုးရေးဖောင်ဒေးရှင်း | အဖွဲ့ဝင် |
| ၉ | ဦးဖေသန်းဝင်း | ပြည်နယ်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ည) ကယားပြည်နယ် စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးမော်မော် | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးခင်မောင်မြင့် | ဟိုတယ်လုပ်ငန်းရှင် | ဒုဥက္ကဋ္ဌ |
| ၃ | ဦးအန့်မော် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဦးကျော်သူ | ညွှန်ကြားရေးမှူး<br>ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဦးမျိုးခန့် | ညွှန်ကြားရေးမှူး<br>ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးအောင်သူ | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဒေါ်သီတာလွင် | ပြည်နယ်ဥပဒေအရာရှိ<br>ပြည်နယ် ဥပဒေ | အဖွဲ့ဝင် |
| ၈ | ဦးကြာမြင့် | ပြည်နယ်မန်နေဂျာ<br>ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၉ | ဦးကျော်ဝင်း | ပြည်နယ်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ဋ) ကရင်ပြည်နယ် စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးသန်းနိုင် | ဝန်ကြီး<br>ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာနှင့် စည်ပင်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးတင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | ဒုဥက္ကဋ္ဌ |
| ၃ | ဦးရဲလွင် | ဥပဒေအရာရှိ<br>ပြည်နယ် ဥပဒေရုံး | အဖွဲ့ဝင် |
| ၄ | ဦးကျော်ကျော်ဦး | ခေတ္တညွှန်ကြားရေးမှူး<br>ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဦးကျော်သက် | ညွှန်ကြားရေးမှူး<br>ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဒေါက်တာ<br>မောင်မောင်သီဟထွေး | ပြည်နယ်တာဝန်ခံ<br>ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးအောင်သန်း | ဥက္ကဋ္ဌ<br>မာယလူမှုရေးအသင်း | အဖွဲ့ဝင် |
| ၈ | ဒေါက်တာ<br>နိုနိုဇင်သက် | အာဟာရဌာနခွဲ<br>ပြည်နယ် ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | ဦးတင့်ဆန်း | ပြည်နယ်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၄)　ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးဝီကော | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးဆန်းထွန်းစိန် | ညွှန်ကြားရေးမှူး<br>ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဒုဥက္ကဋ္ဌ |
| ၃ | ဦးအေးသိန်း | ဥပဒေအရာရှိ<br>ပြည်နယ် ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ၄ | ဆလိုင်းလွန်းဆဝုန်း | ညွှန်ကြားရေးမှူး<br>ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဦးခင်ဇော် | ရဲမှူး<br>ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ၆ | ဒေါက်တာ<br>ဂျိုးဇက်ဗန်ဘွေးအုပ် | တာဝန်ခံအရာရှိ<br>ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးဟရန်ဝုန်း | မြို့မိမြို့ဖ | အဖွဲ့ဝင် |
| ၈ | ဦးစောမြင့်လွင် | ပြည်နယ်ဦးစီးမှူး<br>လုပ်ငန်းလိုင်စင်နှင့် သယ်/ပို့ ကြီးကြပ်ညှိနှိုင်းမှုဌာန | အဖွဲ့ဝင် |
| ၉ | ဦးသောင်းကြိုင် | ပြည်နယ်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၃)　မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးဝဏ္ဏကျော် | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးစိုးသန်းအေး | ပြည်နယ်ဦးစီးမှူး (ငြိမ်း)<br>Neo-More Myanmar Co.,Ltd | ဒုဥက္ကဋ္ဌ |
| ၃ | ဦးကျော်ဝင်း | ဒုတိယပြည်နယ်ဥပဒေအရာရှိ<br>ပြည်နယ် ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ၄ | ဒေါက်တာစိုးနိုင် | ပြည်နယ်ဦးစီးမှူး<br>ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးရဲမင်းအောင် | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဒေါ်အေးအေးခိုင် | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၇ | ဦးချိုချို | အတွင်းရေးမှူး<br>ပြည်နယ် ဟိုတယ်လုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| ၈ | ဦးမင်းဝင်းဗိုလ် | ဒုတိယဥက္ကဋ္ဌ<br>ပြည်နယ် မြန်မာစားသုံးသူသမဂ္ဂ | အဖွဲ့ဝင် |
| ၉ | ဦးခင်အောင်သွင် | ပြည်နယ်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ပ) ရခိုင်ပြည်နယ် စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးကျော်အေးသိန်း | ဝန်ကြီး<br>ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးဝင်းမြင့် | ဝန်ကြီး<br>ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန | ဒုဥက္ကဋ္ဌ |
| ၃ | ဦးကြည်မြိုင် | ညွှန်ကြားရေးမှူး<br>ပြည်နယ် ဥပဒေရုံး | အဖွဲ့ဝင် |
| ၄ | ဦးသက်ထွန်း | ညွှန်ကြားရေးမှူး<br>ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဦးကျော်စိန် | ညွှန်ကြားရေးမှူး<br>ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဒေါက်တာ<br>နိုင်နိုင်ထွန်း | ပြည်နယ်တာဝန်ခံ<br>ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးရွှေကျော်သာ | စားသုံးသူကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၈ | ဦးတင်အောင်ဦး | ဥက္ကဋ္ဌ<br>ပြည်နယ် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| ၉ | ဦးတင်ဇော်ထွန်း | ပြည်နယ်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ဏ) ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီ

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးစိုးညွန့်လွင် | ဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဦးစိုင်းလုံကျော် | ဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုဥက္ကဋ္ဌ |
| ၃ | ဦးကိုကိုအောင် | ညွှန်ကြားရေးမှူး<br>ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဦးတင့်ဝေ | ဥပဒေအရာရှိ<br>ပြည်နယ် ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ၅ | ဦးအေးကို | ညွှန်ကြားရေးမှူး (တာဝန်)<br>ပြည်နယ် စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| ၆ | ရဲမှူးချုပ်<br>ဇော်ခင်အောင် | ရဲတပ်ဖွဲ့မှူး<br>ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ၇ | ဦးတင်ဦးကြိုင် | ညွှန်ကြားရေးမှူး<br>ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဒေါက်တာ<br>အောင်စိုးမင်း | တာဝန်ခံအရာရှိ<br>ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | ဦးတင့်လွင်ဦး | ပြည်နယ်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စားသုံးသူရေးရာကော်မတီများ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စများ ဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖြေရှင်းနိုင်ရန် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကြံဉာဏ်များ ရယူခြင်း၊

(ဂ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကြီးမားသော နစ်နာဆုံးရှုံးမှုဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို မှန်ကန်မှု ရှိ မရှိ စုံစမ်းနိုင်ရန် အလို့ငှာ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်များကို ဆုံးဖြတ်ပေးခြင်း၊

(င) စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၂၁၊ ၂၄၊ ၂၅ နှင့် ၂၇ တို့ပါ ပြဋ္ဌာန်းချက်နှင့် အခန်း (၂၃) ပါ တားမြစ်ချက်များမှအပ ဤဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို စီးပွားရေးလုပ်ငန်းရှင်မှ လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ပုဒ်မ ၅၃ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်ခြင်း၊

(စ) စားသုံးသူကာကွယ်ရေးဥပဒေပါ ပုဒ်မ ၅၂ အရ သက်ဆိုင်ရာဦးစီးမှူးရုံးက ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ဆ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို ကော်မရှင်သို့ တင်ပြခြင်း၊

(ဇ) ကော်မရှင်က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

၃။ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ဒေါက်တာသန်းမြင့်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

အမှတ် ၂၄ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောတူညီချက်အရ ရန်ကုန်မြို့ သယ်န်းကျွန်းစံပြဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာ ဒေါ်သန်းလှ (ဆမ-၁၁၇၀၈) အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ (ညွှန်ကြားရေးမှူး/ဆေးရုံအုပ်/စီမံ/အုပ်ချုပ်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအင်အားကိုအသုံးပြု၍ ရာထူးတိုးမြှင့်ခန့်ထားပြီး သယ်န်းကျွန်းစံပြ ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စေလိုက်သည်။

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်)

အမှတ် ၁ ။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) ဆုံးဖြတ်ချက်အရ ရန်ကုန်မြို့၊ ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာစုစုဒွေး (ဆမ-၁၂၁၇၉) အား မန္တလေးပြည်သူ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဆေးရုံအုပ်ကြီးသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၂ ။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) ဆုံးဖြတ်ချက်အရ ရန်ကုန်မြို့၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၏ အထူးကုဆရာဝန်ကြီး (ဦးနှောက်နှင့်အာရုံကြောဆေးကု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးအင်အားဖြင့် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ ဒု-ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါက်တာအောင်ထွန်းဦး (ဆမ-၁၃၉၉၉) အား ရန်ကုန်မြို့၊ ကလေးဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဆေးရုံအုပ်ကြီးသည် အမိန့်ကြော်ငြာစာထွက်ပြီး(၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၃ ။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) ဆုံးဖြတ်ချက်အရ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါက်တာသန်းမင်းထွန်း (ဆမ-၁၆၇၁၂) အား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပြည်သူ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဆေးရုံအုပ်ကြီးသည် အမိန့်ကြော်ငြာစာထွက်ပြီး(၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၄ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မျက်နှာနှင့်မေးရိုး၊ ခံတွင်း၊ အသားအစားထိုးခွဲစိတ်ပြုပြင်ကုသမှုဆိုင်ရာဌာနမှ ပါမောက္ခ/ဌာနမှူး (မျက်နှာ၊ မေးရိုး၊ ခံတွင်းခွဲစိတ်) ဒေါက်တာသွဲ့ (ဆမ-၉၉၉၉) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၅ ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) သဘောတူညီချက်နှင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) ဆုံးဖြတ်ချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်ရှိ စာရင်းကိုင်-၁ အား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သို့ အမည်နှင့်ယှဉ်တွဲပါဌာနသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဒေါ်ခင်ဝင်းအေး<br>စာရင်းကိုင်-၁<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး | ဦးစီးအရာရှိ (အုပ်ချုပ်/စီမံ)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး |

မှတ်ချက် ။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဦးစီးအရာရှိသည် အမိန့်ကြော်ငြာစာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၉ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၂၀ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆ/၀၉၃၅ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး) ဦးအောင်မြင့်ဦး အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၀)

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ စုံညီအစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၁၉) တို့၏ သဘောတူ ဆုံးဖြတ်ချက်များအရ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ဦးခင်မောင်ဌေး (PE - 0053) နှင့် ဦးလှကြိုင် (PE - 0134, PE - 0689) တို့အား မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် ကောင်စီဝင်များအဖြစ် အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၀)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ စုံညီအစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၁၉) တို့၏ သဘောတူ ဆုံးဖြတ်ချက်များအရ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဝင် ဦးယဉ်ထွေးသက် (PE - 0241) အား မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့တွင် တွဲဖက်အတွင်းရေးမှူး (၂) အဖြစ် တာဝန်ပေးအပ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၀)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

၁။ နေပြည်တော်ကောင်စီ၊ ဒက္ခိဏသီရိမြို့နယ်၊ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာစီမံကိန်း၌ တည်ဆောက်ပြီးစီးသည့် အခန်းများတွင် အငြိမ်းစားယူပြီးဝန်ထမ်းများအား အငှားချထားပေးရေးအတွက် **အိမ်ခန်းနေရာချထားရေး လုပ်ငန်းကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ဆောက်လုပ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး (အိမ်ရာဖွံ့ဖြိုးရေး)<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့် စီမံကိန်း)<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာနများမှ ပေးပို့လာသည့် အငှားအိမ်ရာလျှောက်လွှာများအား ဦးစီးကော်မတီသို့တင်ပြ၍ အတည်ပြုချက်ရယူရန်၊

(ခ) အငှားအိမ်ရာနေထိုင်ခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြန်ကြားပေးရန်။

ဟန်ဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ထုတ်ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်မောင်ထွန်း
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၉ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသော ရငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေ၏

ဇယား (၁) နှင့် (၃) တို့တွင် လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ဌာန၊အဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော သုံးငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃
## အရေးပေါ်ရန်ပုံငွေ

၆။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဖြိုးမင်းသိန်း
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

**ဇယား (၁)**
**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | အခြားသာမန်ရငွေ | အရေးပေါ်ရန်ပုံငွေရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | **ဗဟိုအဖွဲ့အစည်းများ** | | | | | | | | | | | |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | | ၂၅၀၃၄၀. ၄၅၅ | | | | ၄၅၀၀. ၀၀၀ | | | | **၂၅၄၈၄၀. ၄၅၅** |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | **တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ** | | ၀. ၀၀၅ | | | | | | | | **၀. ၀၀၅** |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | **တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ** | | ၃၃၉၄. ၈၅၀ | | | | | | | | **၃၃၉၄. ၈၅၀** |
| ၄ | တိုင်းဒေသကြီးဥပဒေချုပ် | **တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ** | | ၁၄. ၃၂၀ | | | | | | | | **၁၄. ၃၂၀** |
| ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | **တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ** | | ၀. ၃၈၅ | | | | | | | | **၀. ၃၈၅** |
| | **ပေါင်း** | | | **၂၅၃၇၅၀. ၀၁၅** | | | | **၄၅၀၀. ၀၀၀** | | | | **၂၅၈၂၅၀. ၀၁၅** |

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | | **ဗဟိုအဖွဲ့အစည်းများ** | | | | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | ၇၆၁၂. ၇၂၉ | | | ၄၅၀၀. ၀၀၀ | ၈၆၄၄၁. ၁၆၆ | | | | **၉၈၅၅၃. ၈၉၅** |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | **တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ** | ၁၆၄၆. ၂၂၉ | | | | ၇၃၃. ၄၃၆ | | | | **၂၃၇၉. ၆၆၅** |
| | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | **တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ** | ၁၁၆. ၀၈၀ | | | | | | | | **၁၁၆. ၀၈၀** |
| | ၄ | တိုင်းဒေသကြီးဥပဒေချုပ် | **တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ** | ၁၅၈၃. ၇၆၆ | | | | ၁၄၀၂. ၅၄၀ | | | | **၂၉၈၆. ၃၀၆** |
| | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | **တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ** | ၂၇၅၂. ၇၈၇ | | | | ၂၃၄. ၃၅၂ | | | | **၂၉၈၇. ၁၃၉** |
| | | **ပေါင်း** | | **၁၃၇၁၁. ၅၉၁** | | | **၄၅၀၀. ၀၀၀** | **၈၈၈၁၁. ၄၉၄** | | | | **၁၀၇၀၂၃. ၀၈၅** |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | အခြားသာမန်ရငွေ | အရေးပေါ်ရန်ပုံငွေရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက်** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁၀၉၀၈. ၁၁၁** | | | | | | | | | **၁၀၉၀၈. ၁၁၁** |
| | ၁ | ယစ်မျိုးခွန် | | ၁၀၉၀၈. ၁၁၁ | | | | | | | | | ၁၀၉၀၈. ၁၁၁ |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့်အခွန်အကောက်** | **၎င်း** | **၁၈၀၈. ၀၀၃** | | | | | | | | | **၁၈၀၈. ၀၀၃** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၆၂၉. ၄၄၇ | | | | | | | | | ၆၂၉. ၄၄၇ |
| | ၂ | တာတမံခွန် | | ၁. ၄၅၆ | | | | | | | | | ၁. ၄၅၆ |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၁၄၂. ၁၅၀ | | | | | | | | | ၁၄၂. ၁၅၀ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၇၉. ၂၈၅ | | | | | | | | | ၇၉. ၂၈၅ |
| | ၅ | အင်းအိုင်ခွန် | | ၉၅၅. ၆၆၅ | | | | | | | | | ၉၅၅. ၆၆၅ |
| ၃ | | **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန်** | **၎င်း** | **၅၇၂၇၇. ၂၂၇** | | | | | | | | | **၅၇၂၇၇. ၂၂၇** |
| | ၁ | ပစ္စည်းခွန် | | ၁၅၈၄၈. ၇၉၇ | | | | | | | | | ၁၅၈၄၈. ၇၉၇ |
| | ၂ | ဘီးခွန် | | ၄၁၄၂၈. ၄၃၀ | | | | | | | | | ၄၁၄၂၈. ၄၃၀ |
| ၄ | | **ပြည်ထဲရေး** | **၎င်း** | | **၃၀၃. ၈၇၀** | | | | | | | | **၃၀၃. ၈၇၀** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | ၀. ၂၇၀ | | | | | | | | ၀. ၂၇၀ |
| | ၂ | မီးသတ်ဦးစီးဌာန | | | ၃၀၃. ၆၀၀ | | | | | | | | ၃၀၃. ၆၀၀ |
| ၅ | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **၎င်း** | | **၂၅. ၄၁၈** | | | | | | | | **၂၅. ၄၁၈** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | ၂၅. ၄၁၈ | | | | | | | | ၂၅. ၄၁၈ |
| ၆ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | **၎င်း** | | **၆၄၄. ၃၀၇** | | | | | | | | **၆၄၄. ၃၀၇** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | ၁၀၈. ၄၄၄ | | | | | | | | ၁၀၈. ၄၄၄ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | ၁၃၇. ၅၈၀ | | | | | | | | ၁၃၇. ၅၈၀ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | ၂၃၀. ၃၈၃ | | | | | | | | ၂၃၀. ၃၈၃ |
| | ၄ | သမဝါယမဦးစီးဌာန | | | ၁၅၁. ၅၀၀ | | | | | | | | ၁၅၁. ၅၀၀ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | ၁၅. ၄၀၀ | | | | | | | | ၁၅. ၄၀၀ |
| ၇ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | | **၂၅၂. ၇၆၀** | | | | | | | | **၂၅၂. ၇၆၀** |
| | ၁ | သစ်တောဦးစီးဌာန | | | ၉၉. ၄၁၀ | | | | | | | | ၉၉. ၄၁၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | ၀. ၀၅၀ | | | | | | | | ၀. ၀၅၀ |
| | ၃ | သတ္တုတွင်းဦးစီးဌာန | | | ၁၅၃. ၃၀၀ | | | | | | | | ၁၅၃. ၃၀၀ |
| ၈ | | **ကျန်းမာရေးနှင့် အားကစား** | **၎င်း** | | **၆၀. ၂၁၅** | | | | | | | | **၆၀. ၂၁၅** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | ၆၀. ၂၁၅ | | | | | | | | ၆၀. ၂၁၅ |
| ၉ | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | **၎င်း** | | **၀. ၂၆၁** | **၁၀၀၀. ၀၀၀** | | | **၁၂၆၄၃၂. ၀၆၂** | | | | **၁၂၇၄၃၂. ၃၂၃** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | ၀. ၂၅၀ | | | | | | | | ၀. ၂၅၀ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | ၀. ၀၀၆ | | | | | | | | ၀. ၀၀၆ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | ၀. ၀၀၅ | ၁၀၀၀. ၀၀၀ | | | ၁၂၆၄၃၂. ၀၆၂ | | | | ၁၂၇၄၃၂. ၀၆၇ |
| ၁၀ | | **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **၎င်း** | | **၂၆. ၀၀၀** | | | | | | | | **၂၆. ၀၀၀** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | ၂၆. ၀၀၀ | | | | | | | | ၂၆. ၀၀၀ |
| ၁၁ | | **ဆောက်လုပ်ရေး** | **၎င်း** | | **၁၃၉၅. ၀၂၁** | | | **၂. ၀၀၀** | | | | | **၁၃၉၇. ၀၂၁** |
| | ၁ | လမ်းဦးစီးဌာန | | | ၃၃. ၀၂၅ | | | | | | | | ၃၃. ၀၂၅ |
| | ၂ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | | ၁၀. ၀၀၀ | | | | | | | | ၁၀. ၀၀၀ |
| | ၃ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | ၁၃၅၁. ၉၉၆ | | | ၂. ၀၀၀ | | | | | ၁၃၅၃. ၉၉၆ |
| ၁၂ | | **မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန** | **၎င်း** | | **၄၉၃. ၂၆၀** | | | | | | | | **၄၉၃. ၂၆၀** |
| ၁၃ | | **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး** | **၎င်း** | | **၀. ၀၀၂** | | | | | | | | **၀. ၀၀၂** |
| ၁၄ | | **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** | **၎င်း** | | **၁၁၃၆၄၉. ၁၇၉** | | | **၃၂၂၈၃. ၃၈၈** | | | **၁၆၀၈၈၈. ၈၆၄** | | **၃၀၆၈၂၁. ၄၃၁** |
| ၁၅ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | | **၆၃၄၇. ၉၀၅** | | | | | | | | **၆၃၄၇. ၉၀၅** |
| | | ပေါင်း | | **၆၉၉၉၃. ၃၄၁** | **၁၂၃၁၉၈. ၁၉၈** | **၁၀၀၀. ၀၀၀** | | **၃၂၂၈၅. ၃၈၈** | **၁၂၆၄၃၂. ၀၆၂** | | **၁၆၀၈၈၈. ၈၆၄** | | **၅၁၃၇၉၇. ၈၅၃** |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၅၀၈၈. ၆၂၈** | | | | **၁၀၄၄၁. ၄၅၄** | | | | **၁၅၅၃၀. ၀၈၂** |
| | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၄၂၁. ၀၄၂ | | | | ၇၂၂. ၁၄၇ | | | | ၁၁၄၃. ၁၈၉ |
| | ၂ | မီးသတ်ဦးစီးဌာန | | ၄၆၆၇. ၅၈၆ | | | | ၉၇၁၉. ၃၀၇ | | | | ၁၄၃၈၆. ၈၉၃ |
| ၂ | | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | **၎င်း** | **၁၀၀၇၉. ၂၆၆** | | | | **၁၅၇၄. ၈၇၉** | | | | **၁၁၆၅၄. ၁၄၅** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၀၀၇၉. ၂၆၆ | | | | ၁၅၇၄. ၈၇၉ | | | | ၁၁၆၅၄. ၁၄၅ |
| ၃ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း** | **၎င်း** | **၆၄၀၈. ၂၉၂** | | | | **၁၁၀၉. ၃၁၁** | | | | **၇၅၁၇. ၆၀၃** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃၂၇၄. ၈၆၀ | | | | ၄၈၂. ၀၁၉ | | | | ၃၇၅၆. ၈၇၉ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၅၀၂. ၆၆၅ | | | | ၃၃၅. ၈၀၄ | | | | ၈၃၈. ၄၆၉ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၅၇၂. ၅၆၁ | | | | ၁၀၄. ၅၄၁ | | | | ၆၇၇. ၁၀၂ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁၉၅၆. ၉၀၆ | | | | ၆၆. ၉၅၂ | | | | ၂၀၂၃. ၈၅၈ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀၁. ၃၀၀ | | | | ၁၁၉. ၉၉၅ | | | | ၂၂၁. ၂၉၅ |
| ၄ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | **၎င်း** | **၁၉၈၃. ၈၄၁** | | | | **၂၃၄၂. ၀၈၄** | | | | **၄၃၂၅. ၉၂၅** |
| | ၁ | သစ်တောဦးစီးဌာန | | ၁၂၇၅. ၄၈၂ | | | | ၅၂. ၀၅၅ | | | | ၁၃၂၇. ၅၃၇ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၅၃၆. ၈၈၀ | | | | ၂၂၈၅. ၃၄၅ | | | | ၂၈၂၂. ၂၂၅ |
| | ၃ | သတ္တုတွင်းဦးစီးဌာန | | ၁၇၁. ၄၇၉ | | | | ၄. ၆၈၄ | | | | ၁၇၆. ၁၆၃ |
| ၅ | | **ကျန်းမာရေးနှင့်အားကစား** | **၎င်း** | **၁၄၃၄. ၁၆၆** | | | | **၃၄၁၃. ၈၃၅** | | | | **၄၈၄၈. ၀၀၁** |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၄၃၄. ၁၆၆ | | | | ၃၄၁၃. ၈၃၅ | | | | ၄၈၄၈. ၀၀၁ |
| ၆ | | **စီမံကိန်းနှင့်ဘဏ္ဍာရေး** | **၎င်း** | **၁၄၄၄. ၁၆၁** | **၁၀၀၀. ၀၀၀** | | | **၃၆၇. ၃၅၇** | | | | **၂၈၁၁. ၅၁၈** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၀၉၆. ၃၇၆ | | | | ၃၀၄. ၃၇၂ | | | | ၁၄၀၀. ၇၄၈ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၄၇. ၀၂၀ | | | | ၃၅. ၅၀၀ | | | | ၂၈၂. ၅၂၀ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၀. ၇၆၅ | ၁၀၀၀. ၀၀၀ | | | ၂၇. ၄၈၅ | | | | ၁၁၂၈. ၂၅၀ |
| ၇ | | **ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး** | **၎င်း** | **၁၈၈. ၆၆၂** | | | | **၄. ၂၀၀** | | | | **၁၉၂. ၈၆၂** |
| | ၁ | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၁၈၈. ၆၆၂ | | | | ၄. ၂၀၀ | | | | ၁၉၂. ၈၆၂ |
| ၈ | | **ဆောက်လုပ်ရေး** | **၎င်း** | **၆၉၉၇. ၅၄၉** | | | | **၁၁၈၄၆၁. ၃၄၆** | | | | **၁၂၅၄၅၈. ၈၉၅** |
| | ၁ | လမ်းဦးစီးဌာန | | ၄၆၃၆. ၈၀၂ | | | | ၂၇၄၀၉. ၁၈၇ | | | | ၃၂၀၄၅. ၉၈၉ |
| | ၂ | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | | ၅၅၄. ၂၈၈ | | | | ၈၄၁၇၈. ၉၈၉ | | | | ၈၄၇၃၃. ၂၇၇ |
| | ၃ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၈၀၆. ၄၅၉ | | | | ၆၈၇၃. ၁၇၀ | | | | ၈၆၇၉. ၆၂၉ |
| ၉ | | **မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန** | **၎င်း** | **၂၄. ၅၀၂** | | | | **၁. ၉၉၀** | | | | **၂၆. ၄၉၂** |
| ၁၀ | | **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး** | **၎င်း** | **၁၀၇. ၇၆၈** | | | | **၇၀. ၀၀၀** | | | | **၁၇၇. ၇၆၈** |
| ၁၁ | | **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ** | **၎င်း** | **၁၄၅၅၇၁. ၁၄၅** | | | | **၃၁၆၉၂၄. ၁၆၂** | | | | **၄၆၂၄၉၅. ၃၀၇** |
| ၁၂ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | **၄၅၈၃. ၁၃၈** | | | | **၂၅၄၀၃. ၀၄၇** | | | | **၂၉၉၈၆. ၁၈၅** |
| | | ပေါင်း | | **၁၈၃၉၁၁. ၁၁၈** | **၁၀၀၀. ၀၀၀** | | | **၄၈၀၁၁၃. ၆၆၅** | | | | **၆၆၅၀၂၄. ၇၈၃** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာ (၁၀၃/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ စင်ပုံကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၃၁/၃၁၄-ဃ၊ စင်ပုံရွှာမကွင်း)၊ မြေကွက်အမှတ် (၄၀၃)၊ **မြေဧရိယာ (၂. ၂၉) ဧက** အား **စင်ပုံကျေးရွာဘုန်းတော်ကြီးကျောင်း** သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၈ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မုံကမ်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၄၅၉ဏ/တိက္ကူရမြောက်)၊ ဦးပိုင်အမှတ် (-)၊ မြေကွက်အမှတ် (၄၉/၃၆၃၊ ၃၁၁/၃၆၄) ရှိ **မြေဧရိယာ ၁၄. ၄၀ ဧက** အား **ဇော်ဂျီတောင်တောရကျောင်းတိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### ကုသရေးဦးစီးဌာန

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

အမှတ် ၁၁ ။ ကုသရေးဦးစီးဌာန၊ သူနာပြုဌာနခွဲမှ ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်ခင်မာကြည် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာစိုးဦး
ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

### အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်အမှတ် (၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

### နိုင်ငံခြားငွေဖြင့် ပေးချေမှုများဆောင်ရွက်သည့်အခါ နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ဖြစ်ပေါ်သည့် အရှုံးနှင့် အမြတ်ကို ဝင်ငွေခွန် စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ခြင်း ရှိ/မရှိ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံခြားငွေဖြင့် ပေးချေမှုများဆောင်ရွက်သည့်အခါ နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ဖြစ်ပေါ်သည့် အရှုံးနှင့် အမြတ်ကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ခြင်း ရှိ/မရှိ နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကို ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပါသည်။

#### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် နိုင်ငံခြားငွေဖြင့် ပေးချေမှုများဆောင်ရွက်သည့်အခါ နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ဖြစ်ပေါ်ခဲ့သည့် အရှုံး သို့မဟုတ် အမြတ်ကို ဝင်ငွေခွန် စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ခြင်း ရှိ/မရှိ နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

#### အကျိုးသက်ရောက်သူများ

၃။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် နိုင်ငံခြားငွေဖြင့် ပေးချေမှုများဆောင်ရွက်သည့်အခါ နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် အရှုံး သို့မဟုတ် အမြတ် ပေါ်ပေါက်သည့် အခွန်ထမ်းများ အပေါ်တွင် အကျိုးသက်ရောက်ပါသည်။

#### သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) "ဝင်ငွေရရှိသည် ဆိုသည်မှာ ဝင်ငွေရရှိခြင်း၊ ဝင်ငွေရရှိသည်ဟု မှတ်ယူခြင်း၊ ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ခြင်း သို့မဟုတ် ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်သည်ဟု မှတ်ယူခြင်းတို့ကို ဆိုသည်။" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

#### လိုက်နာဆောင်ရွက်ရန်သတ်မှတ်ချက်

၅။ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာသည့် စစ်မှန်သော အမြတ်ငွေ (Realized Profit) ကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ဝင်ငွေအဖြစ် ထည့်သွင်းတွက်ချက်စည်းကြပ်ရမည်ဖြစ်ပြီး နိုင်ငံခြားငွေ လဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် စစ်မှန်သော အရှုံးငွေ (Realized Loss) ကိုလည်း ဝင်ငွေခွန်စည်းကြပ်ရာတွင် ဆုံးရှုံးငွေအဖြစ် ထည့်သွင်းတွက်ချက်၍ နုတ်ပယ်ရမည်ဖြစ်ပါသည်။ လုပ်ငန်းများ စတင်ခြင်းမရှိသေးမီ နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံငွေများကို ဘဏ်စာရင်းတွင် ထိန်းသိမ်းထားရှိစဉ် နိုင်ငံခြားငွေ လဲလှယ်နှုန်းပြောင်းလဲမှုကြောင့် ဖြစ်ထွန်းပေါ်ပေါက်သည့် အစစ်အမှန်မဟုတ်သော အမြတ်ငွေ (Unrealized Profit) သည် ဝင်ငွေခွန်ကျသင့်ခြင်းမရှိသကဲ့သို့ ယင်းသို့ ဖြစ်ပေါ်သည့် အစစ်အမှန်မဟုတ်သော အရှုံး (Unrealized Loss) သည်လည်း ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက် နုတ်ပယ်ခံစားခွင့်မရှိပါ။

#### နမူနာဖြစ်စဉ် (၁) ဘဏ်အပ်ငွေ

ကုမ္ပဏီ ''A'' သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ကို ရင်းနှီးမြှုပ်နှံရန် ''B'' အမည်ရှိ ဘဏ်တစ်ခုတွင် အပ်နှံခဲ့ပါသည်။ ထိုနေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၂၀၀ ကျပ် ဖြစ်ပါသည်။ ဘဏ္ဍာနှစ် ကုန်ဆုံးချိန် ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၄၀၀ ကျပ် ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၃၀-၄-၂၀၁၈ | ရက်နေ့ရှိ | အမေရိကန်ဒေါ်လာ | ၅၀,၀၀၀×၁,၂၀၀ ကျပ် | = ၆၀,၀၀၀,၀၀၀ |
| ၃၁-၃-၂၀၁၉ | ရက်နေ့ရှိ | အမေရိကန်ဒေါ်လာ | ၅၀,၀၀၀×၁,၄၀၀ ကျပ် | = ၇၀,၀၀၀,၀၀၀ |
| အမြတ်ပေါ်ပေါက်ငွေ | | | | = ၁၀,၀၀၀,၀၀၀ |

{ကုမ္ပဏီ "A" သည် နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထိန်းသိမ်းထားရှိစဉ် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသော အစစ်အမှန်မဟုတ်သော အမြတ်ငွေ (Unrealized Profit) ကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ရန် မလိုပါ။}

## နမူနာဖြစ်စဉ် (၂) ဘဏ်အပ်ငွေ

ကုမ္ပဏီ "A" သည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ကို ရင်းနှီးမြှုပ်နှံရန် "B" အမည်ရှိ ဘဏ်တစ်ခုတွင် အပ်နှံခဲ့ပါသည်။ ထိုနေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၂၀၀ ကျပ် ဖြစ်ပါသည်။ ဘဏ္ဍာနှစ် ကုန်ဆုံးချိန် ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၀၀၀ ကျပ် ဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၃၀-၆-၂၀၁၈ | ရက်နေ့ရှိ | အမေရိကန်ဒေါ်လာ | ၅၀,၀၀၀×၁,၂၀၀ ကျပ် | = ၆၀,၀၀၀,၀၀၀ |
| ၃၁-၃-၂၀၁၉ | ရက်နေ့ရှိ | အမေရိကန်ဒေါ်လာ | ၅၀,၀၀၀×၁,၀၀၀ ကျပ် | = ၅၀,၀၀၀,၀၀၀ |
| အရှုံးပေါ်ပေါက်ငွေ | | | | = ၁၀,၀၀၀,၀၀၀ |

{ကုမ္ပဏီ "A" သည် နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ထိန်းသိမ်းထားရှိစဉ် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသည့် အစစ်အမှန်မဟုတ်သော အရှုံးငွေ (Unrealized Loss) ကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်နုတ်ပယ်ရန် မလိုပါ။}

## နမူနာဖြစ်စဉ် (၃) ကုန်စည်များဝယ်ယူခြင်း

ကုမ္ပဏီ "A" သည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကုန်စည်များဝယ်ယူရန် အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ဖြင့် စာချုပ်ချုပ်ဆိုပါသည်။ ထိုစာချုပ် ချုပ်ဆိုသောနေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၂၀၀ ကျပ် ဖြစ်၍ စုစုပေါင်း ကျပ် ၆၀,၀၀၀,၀၀၀ ဖြစ်ပါသည်။ နောက်ထပ် ၂၁ ရက်အကြာ ဇူလိုင်လ ၁၁ ရက်နေ့တွင် ထိုကုန်ပစ္စည်း ဝယ်ယူထားသောငွေ အမေရိကန်ဒေါ်လာ ၅၀,၀၀၀ ကို ပေးချေရပါသည်။ ထိုပေးချေသည့်နေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၂၅၀ ကျပ်ဖြစ်၍ စုစုပေါင်း ကျပ် ၆၂,၅၀၀,၀၀၀ ဖြစ်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားမှုကြောင့် ပေါ်ပေါက်သည့် စစ်မှန်သော ဆုံးရှုံးမှု (Realized Loss) ကျပ် ၂,၅၀၀,၀၀၀ ကို ဝင်ငွေခွန်စည်းကြပ်ရာတွင် နုတ်ပယ်ခံစားခွင့်ရှိပါသည်။

| | | | | |
|---|---|---|---|---|
| ၂၀-၆-၂၀၁၈ | ရက်နေ့ရှိ | အမေရိကန်ဒေါ်လာ | ၅၀,၀၀၀×၁,၂၀၀ ကျပ် | = ၆၀,၀၀၀,၀၀၀ |
| ၁၁-၇-၂၀၁၈ | ရက်နေ့ရှိ | အမေရိကန်ဒေါ်လာ | ၅၀,၀၀၀×၁,၂၅၀ ကျပ် | = ၆၂,၅၀၀,၀၀၀ |
| အရှုံးပေါ်ပေါက်ငွေ | | | | = ၂,၅၀၀,၀၀၀ |

{ကုမ္ပဏီ "A" သည် ကုန်စည်အရောင်းအဝယ်ပြုလုပ်စဉ် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ဖြစ်ပေါ်သည့် အရှုံးပေါ်ပေါက်ငွေသည် စစ်မှန်သော အရှုံးငွေ (Realized Loss) ဖြစ်သဖြင့် ဝင်ငွေခွန် စည်းကြပ်ရာတွင် ထည့်သွင်းနုတ်ပယ်၍ တွက်ချက်ခွင့်ရှိပါသည်။}

## နမူနာဖြစ်စဉ် (၄) ကုန်စည်များဝယ်ယူခြင်း

ကုမ္ပဏီ "A" သည် ၂၀၁၉ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၅၀,၀၀၀ တန်ဖိုးရှိကုန်စည်များကို ဒုတိယအကြိမ် ထပ်မံဝယ်ယူပါသည်။ ၎င်းနေ့တွင်ပင် ငွေပေးချေရမည်ဖြစ်ကြောင်း သဘောတူလက်ခံကြသည် ဖြစ်ရာ ထိုပေးချေသည့်နေ့တွင် ဗဟိုဘဏ်၏ တရားဝင်နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ၁ ဒေါ်လာ = ၁,၃၀၀ ကျပ် ဖြစ်ပါ၍ စုစုပေါင်း ကျပ် ၆၅,၀၀၀,၀၀၀ ကျသင့်ပါသည်။ အခွန် စာရင်းရှင်းလင်းသည့်နေ့ (၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့) ရှိ ဗဟိုဘဏ်၏ နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၃၅၀ ကျပ်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နိုင်ငံခြားငွေလဲလှယ်နှုန်းအရ ကျသင့်ငွေ ကျပ် ၆၇,၅၀၀,၀၀၀ နှင့် ကုန်စည် ဝယ်ယူစဉ် (၂၀၁၉ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့) က ပေးချေခဲ့သည့် ငွေကျပ် ၆၅,၀၀၀,၀၀၀ တို့၏ ကွာခြားချက် အရှုံးပေါ်ပေါက်ငွေ ကျပ် ၂,၅၀၀,၀၀၀ ကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက် နုတ်ပယ်ခွင့် မရှိပါ။

| | | | |
|---|---|---|---|
| ၂၀-၃-၂၀၁၉ ရက်နေ့ရှိ | အမေရိကန်ဒေါ်လာ | ၅၀,၀၀၀×၁,၃၀၀ ကျပ် = | ၆၅,၀၀၀,၀၀၀ |
| ၃၁-၃-၂၀၁၉ ရက်နေ့ရှိ | အမေရိကန်ဒေါ်လာ | ၅၀,၀၀၀×၁,၃၅၀ ကျပ် = | ၆၇,၅၀၀,၀၀၀ |
| အရှုံးပေါ်ပေါက်ငွေ | | = | ၂,၅၀၀,၀၀၀ |

{ကုမ္ပဏီ "A" သည် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ပေါ်ပေါက်သည့် အရှုံးငွေ ကျပ် ၂,၅၀၀,၀၀၀ သည် အစစ်အမှန်မဟုတ်သော အရှုံးငွေ (Unrealized Loss) ဖြစ်သဖြင့် ဝင်ငွေခွန် စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ရန်မလိုပါ။}

**နမူနာဖြစ်စဉ် (၅) ဆောင်ရွက်ခများ ပေးချေခြင်း**

ကုမ္ပဏီ "A" သည် မိမိကုမ္ပဏီ၏ ဆိုင်ခွဲများသို့ ကုန်ပစ္စည်းများပေးပို့ရန်အတွက် သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ "B" နှင့် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် သဘောတူစာချုပ် ချုပ်ဆို ခဲ့သည်။ စာချုပ်ပါ သဘောတူညီချက်အရ သယ်ယူပို့ဆောင်ခ အမေရိကန်ဒေါ်လာ ၃၀,၀၀၀ ကို ကုမ္ပဏီ "A" က ပေးချေရမည်ဖြစ်သည်။ ထိုစာချုပ် ချုပ်ဆိုသောနေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၂၀၀ ကျပ် ဖြစ်၍ စုစုပေါင်း ကျပ် ၃၆,၀၀၀,၀၀၀ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် သယ်ယူပို့ဆောင်ခ အမေရိကန် ဒေါ်လာ ၃၀,၀၀၀ ကို ပေးချေခဲ့ရပါသည်။ ထိုပေးချေသည့်နေ့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၂၅၀ ကျပ် ဖြစ်၍ စုစုပေါင်း ကျပ် ၃၇,၅၀၀,၀၀၀ ဖြစ်ပါသည်။

- ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အခွန်စာရင်းရှင်းလင်းသည့်နေ့ (၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့) ရှိ ဗဟိုဘဏ်၏ နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁ ဒေါ်လာ = ၁,၃၅၀ ကျပ် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နိုင်ငံခြားငွေလဲလှယ်နှုန်းအရ ကျသင့်ငွေ ကျပ် ၄၀,၅၀၀,၀၀၀ နှင့် စာချုပ်ချုပ်ဆိုစဉ်က သဘောတူညီခဲ့သည့် ငွေကျပ် ၃၆,၀၀၀,၀၀၀ တို့၏ ကွာခြားချက် ပေါ်ပေါက်ငွေ ကျပ် ၄,၅၀၀,၀၀၀ ကို ကုမ္ပဏီ "A" က အရှုံးငွေအဖြစ်လည်းကောင်း၊ ကုမ္ပဏီ "B" က အမြတ်ငွေအဖြစ်လည်းကောင်း နှစ်ချုပ်စာရင်းတွင် ထည့်သွင်းရေးဆွဲတင်ပြလာခဲ့သည်။ ယင်းသို့ တင်ပြလာသည့် အရှုံးငွေ/အမြတ်ငွေ တို့ကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်း တွက်ချက်ခြင်းမပြုရပါ။

  {နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ပေါ်ပေါက်သည့် အရှုံးငွေ/အမြတ်ငွေ ကျပ် ၄,၅၀၀,၀၀၀ သည် ကုမ္ပဏီ "A" နှင့် ကုမ္ပဏီ "B" တို့အတွက် အစစ်အမှန် မဟုတ်သော အရှုံးငွေ (Unrealized Loss)/ အစစ်အမှန်မဟုတ်သော အမြတ်ငွေ (Unrealized Profit) ဖြစ်သဖြင့် ဝင်ငွေခွန် စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ရန်မလိုပါ။}
- ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် (၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့) အခွန်စာရင်းရှင်းလင်းရာတွင် ကျသင့်သယ်ယူပို့ဆောင်ခငွေ ပေးချေခဲ့သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ နိုင်ငံခြားငွေ လဲလှယ်နှုန်းအရ ကျသင့်ငွေ ကျပ် ၃၇,၅၀၀,၀၀၀ နှင့် စာချုပ်ချုပ်ဆိုစဉ်က သဘောတူညီခဲ့သည့် ငွေကျပ် ၃၆,၀၀၀,၀၀၀ တို့၏ ကွာခြားချက် ပေါ်ပေါက်ငွေ ကျပ် ၁,၅၀၀,၀၀၀ ကို ကုမ္ပဏီ "A" က အရှုံးငွေအဖြစ်လည်းကောင်း၊ ကုမ္ပဏီ "B" က အမြတ်ငွေအဖြစ်လည်းကောင်း ယင်းနှစ်ချုပ်စာရင်းတွင် ထည့်သွင်းရေးဆွဲတင်ပြလာခဲ့သည်။ ယင်းသို့ တင်ပြလာသည့် အရှုံးငွေကို နုတ်ပယ်ခွင့်ပြုခြင်း/အမြတ်ငွေကို စုစုပေါင်းဝင်ငွေတွင် ထည့်သွင်းခြင်းတို့ကို ဝင်ငွေခွန်စည်းကြပ်ရာတွင် ထည့်သွင်းတွက်ချက်ရမည်ဖြစ်ပါသည်။

  {နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် ပေါ်ပေါက်သည့် အရှုံးငွေ/အမြတ်ငွေ ကျပ် ၁,၅၀၀,၀၀၀ သည် ကုမ္ပဏီ "A" နှင့် ကုမ္ပဏီ "B" တို့အတွက် စစ်မှန်သောအရှုံးငွေ (Realized Loss)/စစ်မှန်သောအမြတ်ငွေ (Realized Profit) ဖြစ်သဖြင့် ဝင်ငွေခွန် စည်းကြပ်ရာတွင် ထည့်သွင်း တွက်ချက်ရပါမည်။}

၆။ ဤအမိန့်ကြော်ငြာစာ ... 

၆။ ဤအမိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ပါသည်။

၇။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်စွဲပါ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက် အမှတ်၊ ၄/၂၀၁၉ ကို ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မင်းထွန်း
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Under Section 345 and 348 of the Myanmar Companies Law 2017

**FRANKLINCOVEY MYANMAR COMPANY LIMITED**

(Reg- No: 112382143)

(Voluntary Liquidation of the Company)

In Accordance with the **FRANKLINCOVEY MYANMAR COMPANY LIMITED** (Reg- No: 112382143) Extraordinary general meeting is passed at 5.2.2020, Daw Nway Kyi Phyu Hlaing (B.Com, CPA) is appointed as company's liquidator on that meeting.

Therefore, all persons claiming to be creditor of the above company are requested to submit details of their claims together with any documentary evidence in their possession to the liquidator at the address given below, not later than 14-3-2020.

U Myint Zaw
12/La Tha Na (N) 010822
Authorized Director
for and on behalf of
Franklin Covey Myanmar Co., Ltd

Daw Nway Kyi Phyu Hlaing
B.Com, CPA, D.B.L
Liquidator
Certified Public Accountant
Auditor and Financial Consultant
No. 49, 3rd Street, Malarmyaing
Okkyin, Hlaing Yangon
Phone No: 01-522684, 09-425818016

Notice Under Section 206 (1) of the Myanmar Companies Act

**KINANDENSETSU COMPANY LIMITED (YANGON BRANCH)**

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the company held on (10.2.2020) the resolution that company was winding-up voluntarily and U Zin Wai (Certified Public Accountant) was appointed as a liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on (10.3.2020) or before that day.

Mr. YOJI KUBO
Managing Director
Kinandensetsu Company Limited (Yangon Branch)

Zin Wai
[B.Com (AA), CPA (210)]
No. 295, 1st Floor, Anawrathar Road
Lanmadaw Township, Yangon

Pursuant to section 357 of the Myanmar Companies Law 2017

**UPP-MSP ENGINEERING LIMITED**

(In Members' Voluntary Winding-up)

Invitation to the Final General Meeting

Notice is hereby given that the Final General Meeting of the Members' Voluntary Winding-up of **UPP-MSP ENGINEERING LIMITED** will be held as the following schedule, therefore, all members are cordially invited to attend the Final General Meeting.

At the meeting the liquidator's report and liquidator's statement of accounts shall be presented, and the company shall be finally dissolved.

Date : 13.3. 2020

Time : 10:00 am

Venue : Unit # 411, 412 & 415, Level 4, Strand Square, No. 53, Strand Road, Pabedan Township, Yangon Myanmar.

Daw Wit Hmone Soe
Liquidator

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**ဒီ ပလပ်စ် ကုမ္ပဏီလီမိတက်**

**(D Plus Company Limited)**

ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဒီ ပလပ်စ် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၇. ၁. ၂၀၂၀) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်စန္ဒာအေး **(B.Com, CPA)**၊ အမှတ်-၂၃၊ အခန်း (၃၀၂)၊ အင်ကြင်းလမ်း၊ (၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၄. ၃. ၂၀၂၀) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇော်ဇော်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
ဒီ ပလပ်စ် ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ကိုယ်စား

ဒေါ်စန္ဒာအေး
(B.Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၃၁၅၄၉၇၉၃

ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**D TECH SERVICES COMPANY LIMITED**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ဆောင်ရွက်ရန်

နောက်ဆုံးအစည်းအဝေးခေါ်ယူရန် ကြေညာချက်

**D TECH SERVICES COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ နောက်ဆုံးအစည်းအဝေးကို အမှတ်-၁၉၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်အိမ်ရာ၊ (၈) မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ (၁၃-၃-၂၀၂၀) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေအရပ်ရပ်ကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
D TECH SERVICES COMPANY LIMITED

ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**PACIFIC DRAGON INTERNATIONAL SERVICES COMPANY LIMITED**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ဆောင်ရွက်ရန်

နောက်ဆုံးအစည်းအဝေးခေါ်ယူရန် ကြေညာချက်

**PACIFIC DRAGON INTERNATIONAL SERVICES COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ နောက်ဆုံးအစည်းအဝေးကို အမှတ်-၁၉၊ မြိုင်ဟေဝန်အိမ်ရာ၊ (၈) မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ (၁၃-၃-၂၀၂၀) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေ အရပ်ရပ်ကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
PACIFIC DRAGON INTERNATIONAL SERVICES COMPANY LIMITED

ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**MYINT MYAT PYI TAW COMPANY LIMITED**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ဆောင်ရွက်ရန်

နောက်ဆုံးအစည်းအဝေးခေါ်ယူရန် ကြေညာချက်

**MYINT MYAT PYI TAW COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ နောက်ဆုံးအစည်းအဝေးကို အမှတ် (၂-အေ)၊ အောင်မင်္ဂလာလမ်း၊ (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ (၁၃-၃-၂၀၂၀) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေအရပ်ရပ်ကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
MYINT MYAT PYI TAW COMPANY LIMITED

ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**MYAT THINGAHA COMPANY LIMITED**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ဆောင်ရွက်ရန်

နောက်ဆုံးအစည်းအဝေးခေါ်ယူရန် ကြေညာချက်

**MYAT THINGAHA COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ နောက်ဆုံးအစည်းအဝေးကို အမှတ် (၂/အေ)၊ အောင်မင်္ဂလာလမ်း၊ (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ (၁၃-၃-၂၀၂၀) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေအရပ်ရပ်ကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
MYAT THINGAHA COMPANY LIMITED

ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**AUNG SHWE PYI TAW COMPANY LIMITED**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ဆောင်ရွက်ရန်

နောက်ဆုံးအစည်းအဝေးခေါ်ယူရန် ကြေညာချက်

**AUNG SHWE PYI TAW COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၃၅၇ အရ နောက်ဆုံးအစည်းအဝေးကို အမှတ်-၄၊ မြဝတ်ရည် (၁) လမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ (၁၃-၃-၂၀၂၀) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေအရပ်ရပ်ကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
AUNG SHWE PYI TAW COMPANY LIMITED

**ပထဝီစိုး ကုမ္ပဏီလီမိတက်**

(မှတ်ပုံတင်အမှတ်-၁၀၄၉၉၃၆၈၀)

၂၀၁၇ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ပုဒ်မ ၃၄၅ နှင့် ၃၄၈ တို့အရ

အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

ကျွန်တော်များ **ပထဝီစိုး ကုမ္ပဏီလီမိတက်** (မှတ်ပုံတင်အမှတ်-၁၀၄၉၉၃၆၈၀) သည် ၅. ၂. ၂၀၂၀ နေ့ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အဖွဲ့ဝင်များ၏ သဘောဆန္ဒဖြင့် ဒေါ်နွေးကြည်ဖြူလှိုင်အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

သို့ပါသောကြောင့် ကုမ္ပဏီမှ ပေးရန်ရှိနှင့် ရရန်ရှိသည်များကို ၁၄. ၃. ၂၀၂၀ နေ့ နောက်ဆုံးထားကာ အောက်ဖော်ပြပါ လိပ်စာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတွင် ခိုင်လုံသော အထောက်အထားများတင်ပြကာ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးနေလွင်
မန်နေးဂျင်းဒါရိုက်တာ
ပထဝီစိုး ကုမ္ပဏီလီမိတက်

DAW NWAY KYI PHYU HLAING
(B.Com, CPA., D.B.L)
Certified Public Accountant
Auditor and Financial Consultant
အမှတ် (၄၉)၊ မာလာမြိုင် (၃) လမ်း၊ (၁၆) ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်။
Phone No: 01-522684, 09-425818016

ပ၊ ထ၊ န - အမှတ် ၅၄၃/၁၉/ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၄-၂-၂၀၂၀။